မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၉၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်

ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) **ဌာနေကိုယ်စားလှယ်** Dr.Ramesh M.Shrestha **အား နေပြည်တော်ရှိ လွှတ်တော်ရုံးနာယက၏ ဧည့်ခန်း၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၁

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ဌာနေ ကိုယ်စားလှယ် Dr.Ramesh M. Shrestha အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရုံးနာယက၏ ဧည့်ခန်း၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုစွမ်းအားလည်း ပိုမိုတိုးတက်မြင့်မားလာမည်

မိမိတို့လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်အောင် အစွမ်းကုန်ကြိုးပမ်း

နေပြည်တော် ဇူလိုင် ၂၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၁)ကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အစည်းအဝေးသဘာပတိ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ အထောက်အကူပြုကော်မတီအနေဖြင့် *စာမျက်နှာ ၃ ကော်လံ ၁* ●

အမှာစကားပြောကြား

ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းကော်မတီ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၁)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇူလိုင် ၂၂ ရက်)

မြန်မာ့တိုင်းရင်းဆေးပညာ အစွန့်ရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်း

ကျန်းမာကြံ့ခိုင်၍ အရည်အသွေးမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်ထွန်းရေးသည် မရှိမဖြစ်သော အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော မြို့ပြနှင့် ကျေးလက်ဒေသနေ ပြည်သူများသည် မြန်မာ့တိုင်းရင်းဆေးပညာရပ်နှင့် တိုင်းရင်းဆေးဝါးများကို အားကိုးယုံကြည်စွာ အသုံးပြုလျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လူဦးရေအများဆုံးနေထိုင်ကြသည့် ကျေးလက်ဒေသများနှင့် ဝေးလံခေါင်းပါးသော အစွန်အဖျားဒေသများအထိ မြန်မာ့တိုင်းရင်းဆေးပညာနှင့် ဆေးဝါးများ ဖြန့်ကြက် ရောက်ရှိနေပြီဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဇူလိုင် ၂၀ရက်က ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်သို့ ရောက်ရှိခဲ့သည်။ နေပြည်တော်အမျိုးသားပရဆေးဥယျာဉ်သည် အကျယ်အဝန်း ၁၉၆ ဒသမ ၄၀ ဧက ကျယ်ဝန်းပြီး ဆေးဖက်ဝင်ပရဆေးပင်များ၊ ပရဆေးပျိုးပင်များနှင့် ရောဂါအလိုက်အသုံးဝင်သော ပရဆေးပင်များကို စိုက်ပျိုးထိန်းသိမ်းထားလျက်ရှိသည်။

ဒုတိယသမ္မတက တိုင်းရင်းဆေးပညာရပ်များ ပိုမိုတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်၊ တိုင်းရင်းဆေးများကို လက်တွေ့စမ်းသပ်ပြုလုပ်ပြီး အများပြည်သူများ ပိုမိုယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ တိုင်းရင်းဆေးထုတ်လုပ်မှုအပိုင်းတွင် သတ်မှတ်အရည်အသွေး ပြည့်မီစေရေးနှင့် တိုင်းရင်းဆေးညွှန်းများကို တိကျသော အလေးချိန်ပမာဏ အတိုင်းအတာဖြင့် သတ်မှတ်ဆောင်ရွက်ရန်၊ တိုင်းရင်းဆေးကို တွင်ကျယ်စွာသုံးစွဲနေသည့် အခြားနိုင်ငံများနည်းတူ မိမိတို့နိုင်ငံတွင်လည်း အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြရန်၊ အခြားနိုင်ငံမှ တိုင်းရင်းဆေးပညာရပ်များကို အမြဲမပြတ်လေ့လာဆည်းပူးသွားရန်နှင့် တိုင်းရင်းဆေးပညာရပ်များ စဉ်ဆက်မပြတ်တိုးတက်လာစေရေးအတွက် သုတေသန စာတမ်းဖတ်ပွဲများကို ကျင်းပဆောင်ရွက်သွားကြရန် မှာကြားခဲ့ပေသည်။

မြန်မာနိုင်ငံအတွင်းသဘာဝအလျောက် ပေါများစွာဖြစ်ထွန်းပေါက်ရောက်လျက်ရှိသော သဘာဝသယံဇာတအရင်းအမြစ်များဖြစ်သည့် အဖိုးတန်ပရဆေးပင်များ၊ ရေထွက်၊ မြေထွက်နှင့်တိရစ္ဆာန်ထွက် ဆေးဖက်ဝင်ပစ္စည်းများကို ပြည်သူများ၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ဆေးဝါးများအဖြစ် ဖော်ထုတ်သုံးစွဲလျက်ရှိသည်။ ယင်းသဘာဝအရင်းအမြစ်များ ရှားပါးမှုမှကာကွယ်ရန်၊ မျိုးတုံးပျောက်ကွယ်မသွားစေရန် ဝိုင်းဝန်းထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် သမိုင်းတန်ဖိုးမြင့်မားသည့် ရှေးဟောင်းအမွေအနှစ် ဆေးပညာတစ်ရပ်ဖြစ်ရာ တိုင်းရင်းဆေးပညာ၏ ထူးခြားလေးနက်မှုကို ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျ ဖော်ထုတ်ပြီး အစွန့်ရှည်တည်တံ့စေရေး ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ညောင်ဦးမြို့နယ်တွင် နှွေစပါးစံကွက်ရိတ်သိမ်း

ညောင်ဦး ဇူလိုင် ၂၁

ညောင်ဦးခရိုင် မြေစာရင်းဦးစီးဌာနမှကြီးမှူး၍ နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဇူလိုင် ၈ ရက်က ရွှေတွင်းကျေးရွာအုပ်စုတွင် ကျင်းပပြီး လောကနန္ဒာ မြစ်ရေတင် ကွင်းအမှတ် (၁၅၅၇) ဆယ်ယာကွင်း ဦးပိုင် အမှတ် (၁၁/၄၊ ၁၂/၂၊ ၂၉) တို့မှ ဆင်းသုခစပါးမျိုးကို ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုစံကွက်များ ရိတ်သိမ်းရာ **(ဝဲပုံ)** တစ်ဧကပျမ်းမျှ အထွက်နှုန်း ၇၂ ဒသမ ၄၉ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်း

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်၊ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်၊ ဝါနှင့် ပိုးချည်လုပ်ငန်း မန်နေဂျာ ဦးလှတင်မောင်၊ မြေစာရင်းဦးစီးဌာနမှူး ဦးညီညီလတ်နှင့် မြေစာရင်း ဝန်ထမ်းများ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ လေ့လာခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မြောင်းမြ၌ ဟောပြော

မြောင်းမြ ဇူလိုင် ၂၁

မြောင်းမြမြို့နယ် မုဆိုးကွင်းကျေးရွာအုပ်စုတွင် ဇူလိုင် ၁၂ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကျင်းပရာ မြောင်းမြမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ခရိုင်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ဦးစီးမှူး ဦးဝင်းအောင်၊ ခရိုင်ယာဉ်ထိန်းတာဝန်ခံ ဒုရဲအုပ်ကျော်ခိုင်တို့က ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ဟောပြောကြသည်။

အလားတူ အဆိုပါအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ အပါအဝင် ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေးနှင့်စပ်လျဉ်း၍ ပညာပေးဟောပြောပွဲများကို မြောင်းမြမြို့နယ်အတွင်းရှိ ရပ်ကွက်တို့တွင် လှည့်လည်ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

လက်ပံတန်းမြို့နယ် သဲကောဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

လက်ပံတန်း ဇူလိုင် ၂၁

လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၁၃ ရက်က သဲကောဆည်၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ငါးမျိုးစိုက်ထည့်ပေး

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်း၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မဲဆန္ဒနယ်မြေအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဦးစောဌေးအောင်နှင့် သဲကောဆည်တာဝန်ခံ ဦးတင်ဦး၊ စီမံကိန်းဦးစီးဌာနမှ ဦးသက်ခိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းလွင်နှင့် ဝန်ထမ်းများက သဲကောဆည်အတွင်း ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ငါးမြစ်ချင်း ငါးသန်ကောင်ရေ လေးသိန်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

ငွေစုငွေချေး သမဝါယမအသင်း ကွတ်ခိုင်မြို့၌ နှစ်ပတ်လည်စည်းဝေး

ကွတ်ခိုင် ဇူလိုင် ၂၁

ရှမ်းပြည်နယ် မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် တိုးပွားအောင် ဝန်ထမ်းပေါင်းစုံ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂ ရက်က ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် သဘာပတိ ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဦးဇက်ခွန်ဖုန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းတို့က အမှာစကားပြောကြားပြီး သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အားလှိုင်က အသင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တာဝန်ရှိသူများက ဖတ်ကြားတင်သွင်းပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းအပေါ် အသင်းသူ အသင်းသားများက ဆွေးနွေးအကြံပြုခြင်းများဆောင်ရွက်ကြကာ သဘာပတိက အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းတို့ကို အတည်ပြုချက်ရယူခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

လမ်းများပြုပြင်

စစ်တွေမြို့နယ် မှန်ဇီရွာ ရှောင်ကွင်းလမ်းတွင် လမ်းများပြုပြင်မှုကို ဇူလိုင် ၂ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ဆွေအေးနှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ရှင်းလင်းတင်ပြ

ကျေး လက် လူမှုစီးပွား ဖွံ့ဖြိုး တိုး တက် ရေး အထောက်အကူပြု ကော်မတီ အတွင်းရေးမှူး ပြန် ကြား ရေး ဝန် ကြီး ဌာ န ဒုတိယ ဝန်ကြီး ဦးစိုးဝင်း ရှင်း လင်းတင်ပြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ကျေးလက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ချမှတ်ပြီးဖြစ်သည့် လုပ်ငန်းစီမံချက်အတိုင်း အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်လျက် ယနေ့အစည်းအဝေးကို ခေါ်ယူညှိနှိုင်းဆွေးနွေးရခြင်းဖြစ်ကြောင်း။

တက်ညီလက်ညီ

ယနေ့အချိန်အခါသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံသစ်ကို စတင်ထူထောင်လျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အဘက်ဘက်မှ ပြုပြင်ပြောင်းလဲ ဖြည့်စွက်တည်ဆောက်ဖော်ဆောင်နေချိန် ဖြစ်ပါကြောင်း၊ အစိုးရသစ်၏ များစွာသော လုပ်ငန်းစဉ်များအနက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းသည်လည်း အဓိကကျသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတဦးဆောင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဗဟိုကော်မတီအနေဖြင့် လုပ်ငန်း(၈)ရပ်ချမှတ်ပြီး ဖွဲ့စည်းတာဝန်ပေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ လုပ်ငန်း(၈)ရပ်သည် အမှန်တကယ်လိုအပ်ပြီး အခြေခံကျသည့် လုပ်ငန်းစဉ်များဖြစ်သည့်အတွက် အောင်မြင်အောင် ကျရာအခန်းကဏ္ဍမှ တက်ညီလက်ညီ လက်တွဲပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

မိမိတို့ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအနေဖြင့်လည်း မိမိတို့ လုပ်ငန်းစဉ်များကို ထိထိရောက်ရောက် အောင်မြင်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းပြည်၏ ကုန်ထုတ်လုပ်မှုစွမ်းအားသည်လည်း ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါကြောင်း။

မိမိတို့အထောက်အကူပြုကော်မတီအနေဖြင့် နယ်ပယ်(၆)ရပ်ကို တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ရာ လုပ်ငန်းနယ်ပယ် ကျယ်ပြန့်ကြီးမားပြီး အရေးကြီးသည့် လုပ်ငန်းကဏ္ဍဖြစ်ပါကြောင်း။

ပူးပေါင်းဆောင်ရွက်

ယင်းနယ်ပယ်(၆)ရပ်လုံးအောင်မြင်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့အားလုံး ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသုံးသပ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီး၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အဖွဲ့များနှင့် ပြည်ထောင်စုအဆင့်အထောက်အကူပြု ကော်မတီတို့ ပေါင်းစပ်ညှိနှိုင်းပြီး Action Plan များနှင့်အညီ ကိုယ့်အပိုင်းနှင့်ကိုယ် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

ယနေ့အစည်းအဝေး၌ ချမှတ်သည့် Action Planများသည် နိုင်ငံတော်သမ္မတဦးဆောင်သည့် ဗဟိုကော်မတီသို့ တင်ပြအတည်ပြုပြီးနောက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဒုတိယဝန်ကြီးများ ပါဝင်သော မိမိတို့အထောက်အကူပြု ကော်မတီပထမအကြိမ်အစည်းအဝေး၌ထပ်မံညှိနှိုင်းဆွေးနွေး ရေးဆွဲထားခြင်း ဖြစ်ပါကြောင်း။

သို့ရာတွင် မိမိတို့ လုပ်ငန်းများအောင်မြင်ရေးသည်သာ အဓိကဖြစ်သည့်အတွက် လက်ရှိ Action Plan များအပြင် မိမိနယ်မြေဒေသနှင့် ကိုက်ညီသည့် Action Plan များရှိပါက ဖြည့်စွက်အကြံပြု ဆောင်ရွက်နိုင်ပါကြောင်း။

ဝိုင်းဝန်းကြိုးပမ်း

မိမိတို့ အထောက်အကူပြုကော်မတီအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့်နယ်ပယ် (၆)ရပ်တွင် လက်တွေ့ကျပြီး ထိရောက်သည့်လုပ်ငန်းစဉ်များ ချမှတ်၍ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ လုပ်ငန်းစီမံချက်နှင့် မြို့နယ်အဆင့် လိုအပ်ချက်များ တင်ပြရာတွင် ပါဝင်သင့်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ဒုတိယဝန်ကြီး ဦးတင့်လွင်နှင့် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်တို့က ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ မိမိတို့ ဝန်ကြီးဌာနများအလိုက်ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းအခြေအနေများ၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက Action Plan ၌ ပါဝင်သည့် လုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနမှ ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြ

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များမှ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးမောင်မောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆက်စပ်ဆောင်ရွက်နိုင်မည့် ဖောင်ဒေးရှင်းလုပ်ငန်းစဉ်ဆိုင်ရာများကို ဆွေးနွေးတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး Action Plan များကို မိမိတို့ဒေသများအလိုက် ရှာဖွေစုဆောင်းတင်ပြပေးရန်နှင့်လုပ်ငန်းများကို အချိန်နှစ်လအတွင်း အမြန်ဆုံး လေ့လာပြုစုတင်ပြပေးရန် နိဂုံးချုပ် မှာကြားသည်။

ကျေးလက် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဆက်သွယ်ရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးဟူသည့် နယ်ပယ်(၆)ရပ်တွင် လက်တွေ့ကျပြီး ထိရောက်သောလုပ်ငန်းစဉ်များ ချမှတ် ဖော်ဆောင်သွားမည်ဖြစ်သည်။

အား(၁၀)အား

အကောင်အထည်ဖော်ရာ၌ (၁) ပြည်ထောင်စုအဆင့် အထောက်အကူပြုကော်မတီ၊ (၂) လုပ်ငန်းနယ်ပယ်အလိုက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ (၃) သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ခရိုင်၊ မြို့နယ်အဖွဲ့များ၊ (၄) ဒေသခံပြည်သူများဟူ၍ အကောင်အထည်ဖော်မှု အင်အား(၄)ရပ်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် ငွေကြေးနှင့် ပစ္စည်းများရရှိရေးအတွက် (၁) နိုင်ငံတော် အစိုးရ၊ (၂) ဘဏ်များ၊ ငွေစုငွေချေးသမဝါယမများ၊ (၃) ဖောင်ဒေးရှင်းများ၊ (၄) လုပ်ငန်းရှင်များ၊ (၅) ပြည်တွင်းမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ (၆) ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ (၇) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ (၈) စေတနာရှင်များ၊ (၉) လူမှုရေးအသင်းအဖွဲ့များ (မြို့နယ်အသင်း၊ ဝတ်အသင်း)၊ (၁၀) ဒေသခံပြည်သူများဟူသည့် အား(၁၀)အားကို ရယူ၍ ဖော်ဆောင်သွားမည်ဖြစ်သည်။

အထောက်အကူပြု ကော်မတီအနေဖြင့် ပညာရေးနယ်ပယ်တွင် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ရာနှုန်းပြည့်အောင်မြင်ရေး၊ ပညာရေး အဟောသိကံဖြစ်မှု လျှော့နည်းရေး၊ ကျေးလက်ဒေသမှ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူ ကျောင်းသားအားလုံး အဆင့်မြင့်ပညာဆည်းပူးနိုင်ရေး အပါအဝင် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကျန်းမာရေးနယ်ပယ်တွင် ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီစေရေး၊ ကျေးလက်ဒေသတွင် အဖြစ်များသော ရောဂါများကို အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များ၏ အကူအညီဖြင့် ကွင်းဆင်းကုသပေးရေး၊ မြို့နယ်ဆေးရုံနှင့် တိုက်နယ်ဆေးရုံများအတွက် ရန်ပုံငွေများထူထောင်ပေးရေး အပါအဝင် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်တွင် စံ(၅)ရပ်နှင့်ညီသော ကျေးရွာစာကြည့်တိုက်များ တိုးချဲ့ရေး၊ ကျေးရွာတိုင်း သတင်းစာတစ်စောင်ရရှိရေး အပါအဝင် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး နယ်ပယ်တွင် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးလက်နှင့် မြို့ပြဆက်စပ်သည့် လမ်းများဖောက်လုပ်ရေး၊ ရာသီမရွေးသွားလာနိုင်သည့် လမ်းများအဖြစ် အဆင့်မြှင့်တင်ရေး အပါအဝင် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ဆက်သွယ်ရေးနယ်ပယ်တွင် ကျေးရွာတိုင်း အခြေအနေအရ ဖြစ်နိုင်သည့် တယ်လီဖုန်းစနစ်များ တပ်ဆင်အသုံးပြုနိုင်ရေး၊ ဆက်သွယ်ရေးစခန်းများ ဖွင့်လှစ်ပေးရေး၊ ကျေးလက်သတင်းဌာနများ တည်ဆောက်ပြီး ဈေးကွက်၊ ရာသီဥတုနှင့် စိုက်ပျိုးရေး၊ ကျန်းမာရေးဆိုင်ရာသတင်းများ ဖြန့်ချိပေးရေး အပါအဝင် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး နယ်ပယ်တွင် မြေအောက်ရေရရှိရေး၊ သဘာဝစိမ့်စမ်းရေ သွယ်ယူပေးရေး၊ ရေသိုလှောင်သုံးစွဲရာ၌ သန့်ရှင်းမှုရှိအောင် ပညာပေးရေး အပါအဝင် လုပ်ငန်းစဉ်များကိုလည်းကောင်း ချမှတ်ဖော်ဆောင်သွားမည်ဖြစ်သည်။

ဖြေရှင်းဆောင်ရွက်

အဆိုပါ Action Plan များ စတင်ဖော်ဆောင်နိုင်ရန်အတွက် မြို့နယ်လုပ်ငန်းဆပ်ကော်မတီများသည် မိမိမြို့နယ်အတွင်း ကျေးရွာများ၏ လူမှုစီးပွားဆိုင်ရာလိုအပ်ချက်များကို ကွင်းဆင်းလေ့လာပြုစု၍ မြို့နယ်အဆင့် ဖြေရှင်းဆောင်ရွက်နိုင်သည်များကို လက်ငင်းဖြေရှင်း ဆောင်ရွက်ပြီး အထက်အဆင့်သို့ တင်ပြရန် လိုအပ်သည်များကိုသာ အဆင့်ဆင့်တင်ပြစေမည်ဖြစ်သည်။ အဆိုပါ မြို့နယ်/ခရိုင်အဆင့် တင်ပြချက်များကို ပြည်ထောင်စုအဆင့် အထောက်အကူပြုကော်မတီက အဆင့်ဆင့် စိစစ်ပြီး အား(၁၀)အား အထောက်အကူကို ရရှိနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းခြင်း၊ မီဒီယာ နည်းလမ်းများဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေး ဖိတ်ခေါ်ဆောင်ရွက်ခြင်း၊ အလှူရှင်များနှင့် ရရှိလာသည့် ငွေကြေး၊ ပစ္စည်းများအား သက်ဆိုင်ရာ မြို့နယ်ဆပ်ကော်မတီများနှင့် ချိတ်ဆက် အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း စသည်ဖြင့် အမြန်ဆုံး အကောင်အထည်ပေါ်အောင် ဖော်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်သန်းအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

တောင်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၂၁

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၃၄	၂၅	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၂	ကယားပြည်နယ်	၂၆	၂၀	နေရာစိပ်စိပ်မိုးရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၄	ချင်းပြည်နယ်	၂၂	၁၅	နေရာအနှံ့အပြားမိုးရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၂၈	၂၃	နေရာအနှံ့အပြားမိုးရွာ	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၁	၂၆	နေရာကျဲကျဲမိုးရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၂၇	၂၂	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၉	မကွေးတိုင်းဒေသကြီး	၂၈	၂၅	နေရာကျဲကျဲမိုးရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၅	နေရာကျဲကျဲမိုးရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက်မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၈	၂၃	နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက်မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၃	၁၈	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၇	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၈	၂၃	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၇	၂၅	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၂၈	၂၄	မိုးတစ်ကြိမ်၊နှစ်ကြိမ်	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၈	၂၄	မိုးအသင့်အတင့်	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၅	နေရာကွက်ကျားမိုးရွာ	၈၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက်အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ချင်းပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ပက်ဆိုးဒင့် သွားနှင့်ခံတွင်း အထူးကုဆေးခန်းမှ ဆရာဝန်များ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၌ ကွင်းဆင်းကုသ

နေပြည်တော် ဇူလိုင် ၂၁

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအသင်းမှ ဒေါက်တာသင်းနိုင်ဦးခေါင်းဆောင်သော ပက်ဆိုးဒင့် သွားနှင့်ခံတွင်း အထူးကုဆေးခန်းမှ သွားဘက်ဆိုင်ရာ ဆရာဝန်များနှင့် အကူဆရာမ ၃၀ တို့သည် ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့် ကျေးလက်ပြည်သူများအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို ကွင်းဆင်းဆောင်ရွက်ပေးကြသည်။ **(ယာပုံ)**

စစ်ဆေးကုသပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကျည်တောင်ကန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၇၁၅ ဦးနှင့် ကျည်တောင်ကန်၊ ဇီးကုန်း၊ လယ်သာနှင့် ဥယျာဉ်ကျေးရွာ အုပ်စုတို့မှ ကျေးလက်ပြည်သူ ၂၈၈ ဦးတို့အား သွားနှင့်ခံတွင်း စစ်ဆေးကုသပေးခဲ့ပြီး ဖြုတ်ခွဲ၊ ဝဲကြီး၊ ပုစွန်ဆိပ်နှင့် ညောင်လူးကျေးရွာ အုပ်စုတို့မှ ကျေးလက်ပြည်သူ ၂၀ တို့အား သွားတု (အံပုံ) တပ်ဆင်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဂျပန်နိုင်ငံမှဧည့်သည်များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ဂျပန်နိုင်ငံ Hitotsubashi University မှ Prof.Dr. Konosuke ODAKA နှင့် JICA ဌာနချုပ်၏ Southeast Asia and Pacific Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Takahiro SASAKI တို့သည် ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်အား ဂျပန်နိုင်ငံ Hitotsubashi University မှ Prof.Dr. Konosuke ODAKA နှင့် JICA ဌာနချုပ်၏ Southeast Asia and Pacific Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Takahiro SASAKI တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် + အဋ္ဌနာဋ္ဌိယသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **အဝိုင်းပြေးဘဝမှ ဘယ်တော့မှ လွတ်မှာလဲ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၂)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၄)
- ၈:၄၅ သစ္စာအောင်မြေ ပန်းစေတီနှင့် မေတ္တာအောင်မြေ ပဌာန်းစေတီ ထီးတော်တင်လှူပူဇော်ပွဲ
- ၉:၀၀ မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်... ဖားအောက်တောရစခန်းမှသည်
- ၉:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Pupa ရဲ့ Celebrity Choice)
- ၉:၄၀ Movie Talk **ကြွေလွင့်ကြယ်ပွင့်များ** (အပိုင်း-၁) (ဒါရိုက်တာကြည်စိုးထွန်း)
- ၁၀:၁၀ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၀:၂၅ ရွှင်မြူးသီကြွေး ကဗျာတေး
- ၁၀:၃၀ ဖက်ရှင်လမ်းညွှန် (အဖြူရောင်ဖက်ရှင်)
- ၁၀:၅၀ သူတို့ပြောတဲ့ သူတို့အကြောင်း ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)နှင့် တွေ့ဆုံခြင်း (အပိုင်း-၁)
- ၁၁:၂၀ Avamin ရိုက်ကွင်းအမှတ်တရ
- ၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၁၀ ရုပ်ရှင်ထဲက ကျန်းမာရေး အရက်အန္တရာယ်ပညာပေး (ဒေါက်တာ ခင်မောင်လွင်၊ ဒါရိုက်တာ ကြည်စိုးထွန်း)
- ၁၂:၄၅ မြို့ရွှေမန္တလေးမှ မျိုးသိန်း အီလက်ထရွန်နစ်၏ LCD/ LED Repair Training Session
- ၁:၀၀ **အဝိုင်းပြေးဘဝမှ ဘယ်တော့မှ လွတ်မှာလဲ** တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ Style ရှိမှ Star ဖြစ်မယ်
- ၃:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၂)
- ၄:၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၄)
- ၅:၀၀ **အာကာဟိန်း** ဘီလျံနာ တေးစီးရီးမိတ်ဆက်ပွဲ အခမ်းအနား
- ၅:၃၀ MNL Preview
- ၆:၀၀ MRTV -4 သတင်း
- ၆:၂၀ ထူးခြားဆန်းသစ် Inax Title နှင့် အသက်ရှူကျောက်ပြား Eco Carat
- ၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၇၃)
- ၇:၁၅ The Champion of Dance
- ၈:၀၀ MRTV -4 သတင်း
- ၈:၃၀ ရှာဖလေ့ကြည်မွေ့ဖွယ်ရာ ကျေးလက်ရှင်ပြုအလှူတော်မင်္ဂလာ
- ၈:၅၀ VJ Choice
- ၉:၁၀ အနုပညာမိုးကောင်းကင်
- ၉:၃၀ MRTV -4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၅)
- ၁၀:၃၀ 14th Fina World Championships Shanghal 2011
- ၁၁:၃၀ ဂီတသရုပ်ပြခန်း (ဆုပန်ထွာ)
- ၁၁:၄၅ မြတ်နိုးဖွယ်ရာ မေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ (နွေရာသီဖက်ရှင်)
- ၁၂:၃၀ World of Knowledge (Mega Structure; Ice Breaker)
- ၁:၂၀ သီးနှံစိုက်ပျိုးအထွက်တိုး စားသုံးဆီဖူလုံဖို့ မြေပဲအထွက်တိုးအောင် စိုက်ကြစို့
- ၁:၃၀ Box Office Movies (The Curious Case of Benjamin Buttom)
- ၂:၀၀ ထာဝရရှင်သန်ဖူးပွင့်နေသည့် သာသနာ့ဥယျာဉ်
- ၂:၁၀ လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ (ဖိုးချစ်) (အပိုင်း-၂)
- ၂:၄၀ ယုံကြည်ခိုင်မာသော.. အောင်မြင်မှုပန်းတိုင်ဆီသို့
- ၃:၀၀ လားရှိုးမြို့မှ ကြိုဆိုပါ၏
- ၃:၂၀ **ချစ်တတ်ကြရအောင်** ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး [ဒါရိုက်တာ-သိန်းဟန် (ဖီးနစ်)]
- ၃:၃၀ မြန်မာမှုလက်ရာ ပန်းတဉ်းပညာ
- ၄:၀၀ လယ်တီသာသနာ လယ်တီကျောက်စာ
- ၄:၃၀ ထင်ရှားဖူးမြော် မွေတော်ကက္ကုစေတီတော်
- ၄:၄၅ ဖူးလှည့်ဖို့ ဖိတ်ခေါ်ပါသည်... မန်းမန္တလာက... အိမ်တော်ရာစေတီ

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဇူလိုင် ၄ ရက်က ဆင်ပေါင်ဝဲမြို့နယ် သီရိမင်္ဂလာလမ်း (ပန်းခြံအရှေ့ဘက်လမ်း)တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးမျိုးနိုင်တို့ ကြီးကြပ်လျက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ် မီးသတ်တပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လမ်းသူလမ်းသားများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြစဉ်။ (မြို့နယ်စည်ပင်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များ ပြည်ထောင်စုဝန်ကြီးသူရဦးမြင့်မောင် မွန်နှင့်ကရင်ပြည်နယ်အတွင်း ရှင်းလင်း

နေပြည်တော် ဇူလိုင် ၂၁

သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်နှင့်အတူ မွန်ပြည်နယ်အစိုးရအဖွဲ့ရုံးခန်းမ၌ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသ ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းနှင့် မွန်ပြည်နယ် သာသနာနုဂ္ဂဟအသင်း အမှုဆောင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ၎င်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်အတူ ဘားအံမြို့နယ် ဝါဆူးကျေးရွာရှိ အလင်းစေတမန် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းပွဲ တက်ရောက်၍ စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်ပင်သာ ကျောင်းတိုက်ဓမ္မရိပ်သာ၌ ကျင်းပပြုလုပ်သော မိုးထောင်ကုမ္ပဏီမှ မြိုင်ကလေးကျေးရွာရှိ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးခဲ့ပြီး လယ်သမားများအား ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျော့နည်းရေးအတွက် လုပ်ငန်းစဉ်(၈)ရပ်နှင့် အဓိကရည်ရွယ်ချက်(၄)ရပ်တို့အား ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းတို့လိုက်ပါလျက် ဘားအံမြို့ တောင်ကလေးကျောင်းတိုက်၌ တောင်ကလေး ဆရာတော် အရှင်ပညာသာမိအား ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး မြိုင်ကြီးငူဆရာတော်၏ (၆၃)နှစ်မြောက်မွေးနေ့ အလှူတော် ဝိဇာတမင်္ဂလာ အထိမ်းအမှတ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းကပ်လှူပူဇော်ပွဲအတွက် အလှူတော်ငွေကျပ် ၃၁၄ သိန်း၊ သင်္ကန်းများနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၈ ရက်တွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းတို့နှင့်အတူ လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာနှင့် လှိုင်းဘွဲ့မြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဒေသခံလယ်သမားများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ်နှင့် အဓိကရည်ရွယ်ချက်(၄)ချက်တို့အား ရှင်းလင်းပြောကြားခဲ့ပြီး ထီလုံကျေးရွာ စစ်မှုထမ်းဟောင်း စံပြကျေးရွာသို့ရောက်ရှိကာ စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း လိုက်ပါလျက် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ဘားအံမြို့နယ် ရွှေတောကျေးရွာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အထောက်အကူပြု သစ်ပင်စိုက်ပွဲသို့ တက်ရောက်၍ သစ်ပင်များစိုက်ပျိုးပေးခဲ့ပြီး မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဘားအံမြို့နယ် သာသနာနုဂ္ဂဟအသင်း အမှုဆောင်များနှင့်လည်းကောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် လည်းကောင်း တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ညနေပိုင်းတွင် ဘားအံမြို့နယ် အမှတ်(၂)ရပ်ကွက် မာန်အောင်ဈေး သမဝါယမအသင်းဝင်များ ချေးငွေထုတ်ချေးခြင်း အခမ်းအနားသို့ တက်ရောက်၍ ချေးငွေများအားထုတ်ပေးခဲ့ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါ စခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို တိုင်းထွာရရှိသည်။

စဉ်	စခန်းအမည်	မိုးရေချိန် စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	တောင်ကုတ်	၇၃၉	၂၉ ဒသမ ၁၀	၃၃၂	၁၃ ဒသမ ၀၇	၁၃-၇-၁၉၉၉	၁၅
၂။	ကျောက်တော်	၃၃၃	၁၃ ဒသမ ၁၂	၂၁၅	၈ ဒသမ ၄၆	၂၆-၇-၁၉၉၆	၂၄

◆ ကျော့ဖုံးမှ

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆေးပညာသင်ကြားရေးဆိုင်ရာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အခြေခံအဆောက်အအုံများ တိုးချဲ့ခြင်း၊ လက်ရှိအဆောက်အအုံများအား မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးသကဲ့သို့ ခေတ်မီသင်ကြားရေး အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ ဖြည့်တင်းပေးခြင်း၊ အီလက်ထရွန်နစ် စာကြည့်တိုက်များ ထူထောင်ပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် သင်ကြားရေးဆရာ ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

တစ်ဖက်ကလည်း ဆေးပညာရှင်များနှင့် ဆေးပညာနှီးနွှယ်ပညာရှင်များ၏ အရည်အသွေး ပိုမိုတိုးတက် မြင့်မားရေးအတွက် အဆင့်မြင့်ပညာရပ်များကို ပြည်တွင်း၌ ဆက်လက်ဆည်းပူးနိုင်စေရန် ပညာရေးအခွင့်အလမ်းများကို စီမံဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်ပဘွဲ့လွန်သင်တန်းများ၊ လေ့လာရေးအစည်းအဝေးများ တက်ရောက်နိုင်သည့် အခွင့်အလမ်းများ ရရှိစေရန်လည်း စီမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ပြည်တွင်းဘွဲ့လွန်သင်တန်းများကို နိုင်ငံတော်က ငွေကြေးအကုန်အကျခံ၍ တိုးချဲ့ဖွင့်လှစ်ပေးလျက် ရှိရာ အရည်အသွေးပြည့်ဝသော ဘွဲ့လွန်ပညာရှင်များ အလုံအလောက် လေ့ကျင့်မွေးထုတ်နိုင်ရေးသည် အရေးကြီးပါကြောင်း၊ သင်ရိုးညွှန်းတမ်းများသည် အစဉ်ပြောင်းလဲ ရှင်သန်တိုးတက်နေရမည် ဖြစ်၍ ဘွဲ့လွန်၊ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်ရန်နှင့် ဆေးပညာသင်ကြားရေး စီမံခန့်ခွဲရေး ကိစ္စရပ်များကို ခေတ်နှင့်အညီ ပြောင်းလဲပြုပြင်နိုင်ရေးအတွက် ဤနှီးနှောဖလှယ်ပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း ဖြင့် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် "နဝမအကြိမ် ဆေးပညာသင်ကြားရေး နှီးနှောဖလှယ်ပွဲ" ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြောကြားသည်။

အစီအစဉ်အရ ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်က အမှာစကား ပြောကြားပြီး ဆေးပညာနှီးနှောဖလှယ်ပွဲကို ကျင်းပသည်။ ယင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ယနေ့မှစ၍ ဇူလိုင် ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ရေကြီးမှု သတိပေးချက်

နေပြည်တော် ဇူလိုင် ၂၁

ချင်းတွင်းမြစ်ရေ သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟုမ္မလင်းမြို့၌ ၂၉၁၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီ အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်သည်။

ငဝန်မြစ်ရေ သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့၌ ၁၁၆၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်သည်။

သံလွင်မြစ်ရေ သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၉၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက် တည်ရှိနိုင်သည်။

ပဲခူးမြစ်ရေ သည် ယနေ့မွန်းလွဲ ၁၂နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့၌ ၈၆၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၉၁၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေ သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၀၁၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၃၆ နာရီ အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(မိုး/ဇလဗေဒ)**

ဝန်ကြီးဌာနက နည်းပညာနှင့် စက်ယန္တရားများဖြည့်ဆည်းပေးမည်
လမ်း၊ တံတားများ ပျက်စီးမှုမဖြစ်စေရေး ဝိုင်းဝန်းထိန်းသိမ်းပေး

နေပြည်တော် ဇူလိုင် ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။ **(ယာပုံ)**

မှာကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က တိုင်းဒေသကြီး/ ပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးများအနေဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသည့် လမ်း၊ တံတားများနှင့် ကုမ္ပဏီများက B.O.T စနစ်ဖြင့် ဆောက်ရွက်သော လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေး၊ အိမ်နီးချင်းနိုင်ငံများ၏ ခေတ်မီကောင်းမွန်သော လမ်းပန်းဆက်သွယ်ရေးနှင့် ရင်ပေါင်တန်းနိုင်အောင် မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်သွားကြရေး၊ ဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်း၊ အင်ဂျင်နီယာဝန်ထမ်းများနှင့် လိုအပ်သော စက်၊ ယာဉ်ယန္တရားများကိုလည်း ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်း၊ လမ်း၊ တံတားများ ပျက်စီးမှု မဖြစ်ပေါ်စေရေးအတွက် အာဆီယံ စံနှုန်းနှင့်အညီ ကုန်တင်ယာဉ်ကြီးများ စနစ်တကျသွားလာစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပေးသွားရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ လမ်းပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေများ ခွဲဝေချထားပေးမှု၊ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများ၏ လုပ်ငန်းသဘာဝနှင့် လုပ်ငန်းဆောင်ရွက်မှု၊ လုပ်ငန်းစစ်ဆေးမှု၊ လမ်းများပေါ်တွင် အာဆီယံစံနှုန်းနှင့်အညီ ကုန်တင်ယာဉ်များ စနစ်တကျသွားလာနိုင်ရန် ပညာပေးစည်းရုံးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ဌာန၏ဖွဲ့စည်းပုံ၊ အဆောက်အအုံ၊ လေယာဉ်ကွင်း၊ လမ်း၊ တံတားများကို တာဝန်ယူတည်ဆောက်ခဲ့မှုနှင့် ဆက်လက်တည်ဆောက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကုမ္ပဏီများက B.O.T စနစ်ဖြင့် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ ဆက်သွယ်သည့် လမ်းများနှင့် စပ်လျဉ်းသည်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ကြီးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လမ်းပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေများရရှိမှု၊ လမ်းပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့် B.O.T စနစ်ဖြင့် လမ်း၊ တံတားများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက တင်ပြချက်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေး တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြင်းခြံနှင့် ညောင်ဦးခရိုင်တို့၌ သစ်ပင်စိုက်ပျိုးပွဲများ
မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် ဇူလိုင် ၂၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီခွဲက ပုပ္ပားကျေးရွာနှင့် ရွှေစည်ဒိုင်ကျေးရွာကြား ဗျတ္တပန်းဆက်လမ်း- လမ်းဘေး ဝဲ/ယာတစ်လျှောက်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်၍ စံကားဝါပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများ၊ တက်ရောက်လာကြသူများက ရတနာတန်းဝင်ကျွန်းပင်၊ စံကားဝါပင်၊ ပိတောက်၊ ရင်းမာ၊ တမာနှင့် မဲဇလီ စုစုပေါင်း အပင် ၁၀၀၀ ကို စိုက်ပျိုးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောက်ပန်းတောင်းမြို့ တမ္ပဝတီရပ်ကွက်၌ ဈေးသစ်တည်ဆောက်မည့်နေရာ၊ ကျောက်ပန်းတောင်း- မိတ္ထီလာကားလမ်း အင်တောကျေးရွာအနီးရှိ မြို့ရေတိုးမြှင့်ပေးဝေရေးအတွက် ရေစုကန်နှင့် တစ်နာရီလျှင် ရေဂါလန် ၁၀၀၀၀ ထွက်ရှိသည့် ၁၀လက်မ စမ်းသပ်တွင်း တူးဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီတွင် ညောင်ဦး- မြင်းခြံလမ်း မြေနဲလေးကျေးရွာအနီး ကျောက်ကူးအဆိုပြု ကြိုးပြင်ကာကွယ်တော၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အထိမ်းအမှတ်အဖြစ် ပိတောက်ပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက သစ်ပင်မျိုးစုံ စုစုပေါင်းအပင် ၁၀၀၀ ကို သတ်မှတ်နေရာများ၌ စိုက်ပျိုးပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ခရိုင်ပြည်သူ့ဆေးရုံဝင်းအတွင်း ဇီဝိတဒါန ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆေးဝါးကုသမှု ခံယူလျက်ရှိသော ဒေသခံပြည်သူများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

ဒေါက်ဟာလီ၊ ဆန်ဒီမက္ကနပ်နှင့် ရက်ဝါးဟိမ်းတို့ သုံးဦးလည်း အတူလိုက်ပါလာကြသည်။

အဆိုပါလွန်းပြန်ယာဉ်ပြန်လာပြီးနောက် နာဆာအဖွဲ့၏ အာကာသစခန်းတည်ဆောက်ရေး ၁၂ နှစ်ကြာ အစီအစဉ်မှာလည်း ပြီးဆုံးသွားပြီ ဖြစ်သည်။ ၁၆ နိုင်ငံ ပါဝင်တည်ဆောက်ထားသည့် နိုင်ငံတကာ အာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်) ပေါ်သို့ အတ္တလန္တစ်လွန်းပြန်ယာဉ်က အစားအစာ၊ အဝတ်၊ ပစ္စည်းကိရိယာနှင့်အခြားသော ထောက်ပံ့ရေးပစ္စည်းများ စုစုပေါင်း ငါးတန်ကျော် သယ်ပို့ပေးခဲ့သည်။ အမေရိကန် အာကာသသူရဲကောင်းများသည် စခန်းယာဉ်ပေါ်တွင် အာကာသ လွန်းပြန်ယာဉ် ပုံစံတစ်ခုနှင့် လွန်းပြန်အစီအစဉ် နှစ်ပေါင်း ၃၀ ကြာ သမိုင်းအထိမ်း အမှတ်အဖြစ် အမေရိကန်အလံတစ်ခုကိုလည်း အိုင်အက်စ်အက်စ်တွင် ချန်ထားခဲ့သည်။ ထိုအလံမှာ ၁၉၈၁ ခုနှစ်က ပထမဆုံး အမေရိကန်အာကာသလွန်းပြန်ယာဉ် ကိုလံဘီယာလွှတ်စဉ်၌ စိုက်ထူခဲ့သည့် အမေရိကန်အလံဖြစ်သည်။

ပျက်ကျပျက်စီး

အမေရိကန်နိုင်ငံက ကိုလံဘီယာ လွန်းပြန်ယာဉ်ကို ၁၉၈၁ခုနှစ် ဧပြီ ၁၂ ရက်တွင် လွှတ်တင်ခဲ့သည်။ ယင်းနေ့မှာ ရုရှားအာကာသသူရဲကောင်း ယူရီဂါဂါရင် အာကာသအတွင်း ပထမဆုံး လူသားအဖြစ် စွန့်စားသည့် ခရီးစဉ်၏ အကြိမ် (၂၀)မြောက် နှစ်ပတ်လည်အခါသမယနေ့ဖြစ်သည်။ အမေရိကန်သည် ကိုလံဘီယာအပြင် ချဲလင်ဂျာ၊ ဒစ္စကာဗာရီနှင့် အင်ဒဲဗား လွန်းပြန်ယာဉ်များကိုလည်း လွှတ်တင်သေးသည်။ သို့သော် ကိုလံဘီယာနှင့် ချဲလင်ဂျာ လွန်းပြန်ယာဉ်များ ပျက်ကျပျက်စီးပြီး ကျန်နှစ်စင်းကိုမူ အနားပေးခဲ့ခြင်းဖြစ်သည်။

အသုံးပြု

ယခု ဇူလိုင် ၈ ရက်က အာကာသစခန်းယာဉ်သို့ လွှတ်တင်ခဲ့သော အတ္တလန္တစ် အာကာသလွန်းပြန်ယာဉ်ကိုသာ အစီအစဉ်အဆုံးအထိ အသုံးပြုလိုက်နိုင်ခြင်း ဖြစ်သည်။ **(အင်တာနက်)**

မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး ပူးတွဲကော်မရှင် စည်းဝေး

နေပြည်တော် ဇူလိုင် ၂၁

ပဉ္စမအကြိမ် မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ရတနာသီယံဟိုတယ်၌ကျင်းပရာ **(အပေါ်ပုံ)** စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန Commerce Secretary H.E. Mr. Md. Ghulam Hussain၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Major General Anup Kumar Chakma , ndc, psc၊ ဌာနဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အောက်ရှိ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန Commerce Secretary H.E. Mr. Md. Ghulam Hussain တို့က အဖွင့်အမှာစကားပြောကြားကြပြီး တက်ရောက်လာကြသူများက နှစ်နိုင်ငံ ကုန်သွယ်မှု မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၃ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ရက် (အဖိတ်နေ့)

၂၂-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အဂ္ဂိဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး- ဂီတစာဆိုမျိုးနွယ်ဆွေ)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ ကျောင်းကန်ဘုရား ကုသိုလ်ပွား ကောင်းမှုထိုထိုလဝါဆို
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ တိုင်းရင်းသားရိုးရာအက
၄:၂၅ ၄။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)အခြေခံပညာ ဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) အထက(၆) ဗိုလ်တထောင် (အမျိုးသားဝတ်ရွတ်အဖွဲ့)
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၀၅ ၇။ မြန်မာစာ၊ မြန်မာစကား
၅:၂၀ ၈။ နှောင်းခေတ်တေးပဒေသာ
၅:၃၀ ၉။ ရိုးသားဖြူစင် ကလေးတို့အသွင်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ရသစုံလင်အင်တာနက်ဥယျာဉ်
၇:၀၀ ၁၃။ မူဆယ်ဒေသအထွက်တိုးစပါး ဒေသဝမ်းစာပိုလျှံသွား
၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြံကြံဖန်ဖန်အမွေဆိုင်** (အပိုင်း-၁၂)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **လျှပ်တစ်ပြက်ဟာသများ**
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ကြိုး** (အပိုင်း-၁၆)
၂၀။ **သီချင်းချစ်သူ**

မြန်မာ့အလင်း မှုခင်းသတင်း

နှစ်လုံးထီ လောင်းကစားကြသူများ
တောင်တွင်းကြီးနှင့် နွားထိုးကြီး၌ အရေးယူ

တောင်တွင်းကြီး ဇူလိုင် ၂၁

တောင်တွင်းကြီးမြို့နယ် ကင်ပွန်းတောင်အုပ်စု သပြေပင်ကျေးရွာနေ ခင်စိုး(အဖ)ဦးစိုးမြင့်နေအိမ်တွင် လောင်းကစားပြုလုပ်နေကြောင်း သတင်းရရှိသဖြင့် တောင်တွင်းကြီးမြို့၊ မြို့မရဲစခန်း စခန်းမှူး ရဲအုပ်စန်းအောင်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဇူလိုင် ၂၀ ရက် မွန်းတည့် ၁၂ နာရီက ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့်အတူ လောင်းကစား ငွေကျပ် ၁၇၂၇၃၀ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နှစ်လုံးထီလောင်းကစားပြုလုပ်သူ ခင်စိုး အသက် (၄၅)နှစ် သပြေပင်ကျေးရွာနေသူအား တောင်တွင်းကြီးမြို့နယ် ဆတ်သွားရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။ **(၁၁၇)**

နွားထိုးကြီး ဇူလိုင် ၂၁

နွားထိုးကြီးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်သော ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ရပ်ကွက်တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၉ ရက် ညနေ ၃ နာရီခွဲက နွားထိုးကြီး အမှတ် (၅)ရပ်ကွက်မှ နှစ်လုံးထီဖြင့်သတင်းထွက်နေသော နေအိမ်သုံးအိမ်ကို ဝင်ရောက်ရှာဖွေရာ အမှတ်(၅)ရပ်ကွက် ထွန်းတောက်(ခ)ဖိုးသား (၃၂)နှစ် နေအိမ်မှ နှစ်လုံးထီ စာရွက်နှစ်ရွက်တွေ့ရှိ၍ ဆက်စပ်ပစ္စည်းကိုးမျိုးနှင့်အတူ သိမ်းဆည်းပြီး နွားထိုးကြီးရဲစခန်းမှ အရေးယူထားကြောင်း သိရသည်။ **(၀၁၈)**

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

လင်းခေး ဇူလိုင် ၂၁

၂၀၁၁ ခုနှစ် လင်းခေးမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီက ပြည်ငြိမ်းအေးအားကစားကွင်း၌ကျင်းပရာ **(အောက်ပုံ)** မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ မိုးရာသီဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ အဖွင့်ပွဲစဉ်တွင် ဒါးဆိပ်ကျေးရွာအုပ်စုအသင်းနှင့် ဝမ်ဟတ်ကျေးရွာအုပ်စုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသွားခဲ့ကြောင်း သိရှိရသည်။ **(၁၄၁)**

ပြည်သူများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများရရှိအောင် ဆောင်ရွက်ပေးနေ

နေပြည်တော် ဇူလိုင် ၂၁

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ လူတိုင်း ရောဂါဘယကင်းရှင်းရေးကိုချမှတ်၍ အကောင်အထည်ဖော်ရန် နည်းနာ(၃)ရပ်ဖြစ်သည့် ကျေးလက်ဒေသမှ အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာကုသမှုပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ၁၉၈၉ ခုနှစ်မှစတင်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းအဖွဲ့များနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ သဘောတူညီချက်စာချွန်လွှာ လက်မှတ်ရေးထိုးထားမှု၌ လူမှုရေးအဖွဲ့အစည်း (၃၁)ခုရှိကြောင်း၊ နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများက နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာပြည်သူများအား အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အမှာစကားပြောကြား

ယခုအစည်းအဝေးတွင် လိုအပ်ချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်မည့် ဧရိယာဒေသသတ်မှတ်ရေးဆွဲရေး၊ အရင်းအမြစ်များအား အကျိုးရှိစွာအသုံးပြုနိုင်ရန်အတွက် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးကြရန် မှာကြားလိုကြောင်း၊ ယခင်က ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများကိုအခြေခံ၍ မြန်မာပြည်သူတို့၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာစေရန် ရင်းနှီးပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးကြရန် ဖြစ်ကြောင်း ဖြင့်ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဗဟိုအဆင့် အစိုးရမဟုတ်သော နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (Coordinating Workshop with INGOs at Central Level) ၌ အဖွင့်အမှာစကားပြောကြားသည်။

အစီအစဉ်အရ ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာသိန်းသိန်းဌေးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်တို့က အစိုးရမဟုတ်သော နိုင်ငံတကာ လူမှုရေး အဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိသော ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ရောဂါနှိမ်နင်းရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

ယင်းနောက် တက်ရောက်လာကြသူများက အုပ်စုများ၊ အဖွဲ့များခွဲကာ အုပ်စုလိုက်ဆွေးနွေးချက်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြုကြပြီး ဆွေးနွေးချက်များအား ပေါင်းစပ်ညှိနှိုင်းကာ အစည်းအဝေးဆုံးဖြတ်ချက်များ ချမှတ်ကြသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ သံတွဲမြို့နယ်၌ ကျင်းပ

သံတွဲ ဇူလိုင် ၂၁

မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်က သံတွဲမြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သံတွဲခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်**(အပေါ်ပုံ)**က အမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် မြန်မာ အမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသူများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ခိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေယုနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ကြကြောင်း သိရှိရသည်။**(ခရိုင်ပြန်/ဆက်)**

မြေစာရင်းလုပ်ငန်း ကျိုင်းတုံတွင် ညှိနှိုင်းစည်းဝေး

ကျိုင်းတုံ ဇူလိုင် ၂၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်မြေစာရင်းဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ စပါးတစ်ဧက တင်း ၁၀၀ နှုန်း အထက်ထွက်ရှိရန် လိုက်နာလုပ်ဆောင်ရမည့် သီးပွံနည်းကျစိုက်နည်းစနစ် (၁၄) ချက်ကို စည်းရုံးဆောင်ရွက်ရေးနှင့် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧကများမှန်ကန်ရေးအတွက် ခရိုင်/မြို့နယ်/မြို့နယ်ခွဲဦးစီးမှူးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြည်နယ်မြေစာရင်းဦးစီးမှူး ဦးကျော်ထင်က အမှာစကားပြောကြားပြီး ခရိုင်/ မြို့နယ်/ မြို့နယ်ခွဲဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်ချက်များ ပြန်လည်ဆွေးနွေးရာ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူးက လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

အင်းတော်မြို့မဈေး ကွင်းဆင်းစစ်ဆေး

အင်းတော် ဇူလိုင် ၂၁

အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းသားငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ်ရောင်းချခြင်း၊ အသားဈေးနှုန်း၊ ဈေးကောက်နှုန်းထားများကို သတ်မှတ်ထားသည့် လေလံစည်းကမ်းနှင့်အညီ ရောင်းချခြင်းနှင့် ဈေးဆိုင်များ အလေးတင်းတောင်း၊ ချိန်ခွင်မှန်ကန်စွာရောင်းချခြင်း ရှိမရှိကို ဇွန် ၂ ရက်က အမှုဆောင်အရာရှိ ဦးဝဏ္ဏအောင်နှင့်အဖွဲ့ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

ပန်းတနော်မြို့နယ်၌ သီးပွံနည်းကျစိုက်ပျိုး

ပန်းတနော် ဇူလိုင် ၂၁

ပန်းတနော်မြို့နယ် ကျုံထုံးကြီးကျေးရွာအုပ်စု တောင်သူဦးမောင်ကို၏လယ်တွင် ဇူလိုင် ၁၁ ရက်က မိုးစပါးသီးပွံနည်းကျစိုက်စနစ်ဖြင့် ပျိုးနုတ်စိုက်ပျိုးပွဲ ကျင်းပရာ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တောင်သူများ တက်ရောက်လေ့လာကြပြီး မြို့နယ်မန်နေဂျာ ဦးဝင်းညွှန့်က သီးပွံနည်းကျစိုက်ပျိုးခြင်း၊ မြေဩဇာကျွေးခြင်း၊ အပင်ပြုစုခြင်း နည်းစနစ်နှင့် ရရှိမည့်အကျိုးကျေးဇူးများကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)(မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ အရာတော်မြို့နယ်၌ပေးအပ်

အရာတော် ဇူလိုင် ၂၁

အရာတော်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ဇူလိုင် ၁၀ရက် နံနက်က အရာတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညီညီသိန်းဇံက အမှာစကားပြောကြားပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများကို စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူးက မကျီးစောက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းလွင်နှင့် မကျီးကန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဌေးဆောင်တို့အားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက ဘောင်းကျ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် ဝါးတောမကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးရွှေပိုတို့အားလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဟင်္သာတ၌ အမကကျောင်းများသို့ စာအုပ်လှူဒါန်း

ဟင်္သာတ ဇူလိုင် ၂၁

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ဦးဆောင်မှုဖြင့် ဟင်္သာတမြို့နယ် အိပ်ပျက်အင်းသားကြီးဦးစံဝင်း (လူမှုထူးချွန် တတိယဆင့်) မိသားစုတို့က အိပ်ပျက်ကျေးရွာအုပ်စု၊ ကိုင်းချောင်းကျေးရွာအုပ်စု၊ ပျဉ်းမချောင်းကျေးရွာအုပ်စုနှင့် လယ်တီကွင်း ရပ်ကွက်များအတွင်းရှိ အမကကျောင်း ၁၅ ကျောင်းတို့အတွက် ကျောင်းသုံးဗလာစာအုပ် ၅၂၀၀ တန်ဖိုးငွေ ကျပ် ၁၂ သိန်းကျော်ကို ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီခွဲက အမကကျောင်းများသို့ သွားရောက်လှူဒါန်းကြရာ အမက ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူကြသည်။

လှူဒါန်း

ဆက်လက်ပြီး အမှတ်(၄၀) အမကကျောင်းတွင် လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ အခမ်းအနားတွင် အလှူရှင် ဦးစံဝင်း (လူမှုထူးချွန်တတိယဆင့်) က စာအုပ်များ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာအုပ်များ ဆက်လက်လှူဒါန်းရာ အမကကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျေးရွာ အုပ်ချုပ်ရေးမှူးတို့က လက်ခံယူကြကြောင်း သိရှိရသည်။ **(အောက်ဝဲပုံ)** (၀၇၅)

လက်ခံယူ

ရန်ကုန်မြို့ အင်းစိန်မြို့နယ် (၂) လမ်းအမှတ်(၄၀/ခ)နေ ဒေါ်သိန်းလှ (အင်းစိန်)အား ရည်စူး၍ ဒေါ်ခင်ထားချိုမှ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)

ငါးကျွေးဆိပ်မုခ်ဦးဖွင့်ပွဲ ပွင့်ဖြူ၌ ကျင်းပ

ပွင့်ဖြူ ဇူလိုင် ၂၁

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာကျောင်းတော်ရာ ဘုရားသို့ ဝါတွင်းကာလ ဘုရားဖူးရောက်ရှိလေ့ရှိသော ဘုရားဖူးလာငါးကြီးများအား ငါးကျွေးဆိပ်မှ ဧရာဝတီမြစ်အထိ ကြိုဆိုဖိတ်ခေါ်ပွဲနှင့် ငါးကျွေးဆိပ်မုခ်ဦး ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဌေးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စံကွက်ရိတ်သိမ်းပွဲများ မူဆယ်၌ကျင်းပ

မူဆယ် ဇူလိုင် ၂၁

မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာအုပ်စု မန့်ဟောင်းကျေးရွာတွင် သီးထပ်အထွက်တိုး နွေမြေပဲစိုက်ကွင်း၌ ဇူလိုင် ၈ ရက် နံနက် ၈ နာရီက စံကွက်နုတ်သိမ်းပွဲ ကျင်းပရာ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးသန်းငွေ၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးမင်းမင်းအောင်နှင့်အဖွဲ့၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြေပဲစိုက်တောင်သူများတက်ရောက်အားပေးကြပြီး နွေမြေပဲ(မကွေး-၁၂)စိုက် တောင်သူဦးအိုက်ယုံ၏စံပြစိုက်ကွင်း ကွင်းအမှတ်(၁၀၂)၊ ဦးပိုင်အမှတ်(၆၉)တွင် တစ်ဧကအထွက်နှုန်းနုတ်သိမ်းရာ ၁၀၆ ဒသမ ၂၅တင်း ထွက်ရှိကြောင်း သိရသည်။

ရိတ်သိမ်း

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးမန်နေဂျာများနှင့် နမ့်ခမ်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးတို့ ကြီးကြပ်မှုဖြင့် တောင်သူဦးစိုင်းပန်ကျော်၏ ကွင်းအမှတ်(၆၇)၊ ဦးပိုင်အမှတ် (၈)နွေစပါးစိုက်ခင်း စံကွက်တွင် ခေတ်မီရိတ်သိမ်းစက်ဖြင့် ရိတ်သိမ်းပွဲကို မွန်းလွဲ ၂ နာရီက ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ ပန်ကြပ်ဆီလတ်(လက်သိုင်း)အတိုက် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ယမန်နေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကရဝိက်နန်းတော်ဥတ္တရခန်းမ၌ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အရှေ့တောင်အာရှပန်ကြပ်ဆီလတ်(လက်သိုင်း)အတိုက်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် အောင်ပွဲရ အားကစားသမားများအတွက် Jade Land Myanmar Group Co., Ltd. က လှူဒါန်းသည့် ငွေကျပ်သိန်း ၁၂၀ကို မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ယွပ်ဆိုင်းအိန်က ပေးအပ်ရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ ဥက္ကဋ္ဌအားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော အားကစားသမားများအား ဆုများချီးမြှင့်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမျိုးသား ၅၅-၆၀ ကီလိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ဒုတိယရဲအုပ် သိန်းစိုး (ပြည်ထဲရေး)အား ဆုကြေးငွေကျပ် ၁၈ သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၅၀-၅၅ ကီလိုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ ရဲကျော်သူ (ကာကွယ်ရေး) **(ဝဲပုံ)** အား ဆုကြေးငွေကျပ် ၁၈ သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက ၈၅-၉၀ ကီလိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ရဲသီဟ (ကာကွယ်ရေး)အား ဆုကြေးငွေကျပ် ၁၂ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်က ၆၀-၆၅ ကီလိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ ကျော်နိုင်ထွန်း (စီးပွား/ကူးသန်း)အား ဆုကြေးငွေကျပ် ၁၂ သိန်းကိုလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်က ၅၅-၆၀ ကီလိုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ နှင်းသီတာ (စက်မှု-၁)အား ဆုကြေးငွေကျပ် ၁၂သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ၄၅-၅၀ ကီလိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ စံထူး (လယ်/ဆည်)အား ဆုကြေးငွေကျပ် ခြောက်သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သူရ ဘိုနီက ၅၀-၅၅ ကီလိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ ဝေဝေလွင် (စက်မှု-၁)အား ဆုကြေးငွေကျပ် ခြောက်သိန်းကို လည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ယွပ်ဆိုင်းအိန်က ၇၀-၇၅ ကီလိုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုရ သင်းမြတ်အေး(လယ်/ဆည်)အား ဆုကြေးငွေကျပ် ခြောက်သိန်းကို လည်းကောင်း ချီးမြှင့်ကြသည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဒေါ်ယွပ်ဆိုင်းအိန်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးချုပ်သူရဘိုနီက အောင်ပွဲရ အားကစားသမားများကိုယ်စား ကျေးဇူးတင်စကားပြောကြားပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာန ပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်နေရာ အသီးသီး၌ ဆက်လက် ကျင်းပရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

အနိုင်ရ

ယနေ့ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော် အားကစားကွင်း၌ ပြည်ထဲရေးဝန်ကြီးဌာန အသင်းက အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အမှတ်(၂)နေပြည်တော် အားကစားကွင်း၌ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ နေပြည်တော် လယ်ဝေး အားကစားကွင်း၌ အားကစားဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာန အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင် ၂၂ ရက် ပွဲစဉ်များအဖြစ် အမှတ်(၁) နေပြည်တော်အားကစားကွင်း၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာန အသင်း၊ အမှတ်(၂) နေပြည်တော် အားကစားကွင်း၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်း၌ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

၂၀၁၁ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များတွင် အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုများရရန် မြန်မာဘော်လီဘော အားကစားသမားများ လေ့ကျင့်နေ

သတင်းမှတ်စု-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကျော်မြင့်သန်း
(လမ်းမတော်)

ရန်ကုန် ဇူလိုင် ၂၀

မြင့်မားသောအရပ်အမောင်း၊ ကျစ်လျစ်သော ခန္ဓာကိုယ်၊ သွက်လက်ပေါ့ပါးသော လှုပ်ရှားမှုများဖြင့် တန်းထားသည့် ပိုက်ပေါ်အလိုက်သင့် မြှောက်တင်ပေးလိုက်သော ဘောလုံးကို မြင့်မားစွာခုန်ပြီး ညာလက်ဖြင့် အားထည့်ရိုက်ချလိုက်ရာ တစ်ဖက်အသင်းများ မခုခံမကာကွယ်နိုင်အောင်ဖြစ်သွားသည်။ မြန်မာ့ဘော်လီဘော အားကစားသမားများ လေ့ကျင့်နေကြခြင်းပင်။ **(အပေါ်ပုံ)**

သွားရောက်ယှဉ်ပြိုင်

မြန်မာ့အားကစား အောင်မြင်မှုများ ရရှိရေးအတွက် ပြင်ဆင်လေ့ကျင့်လျက်ရှိသော ရန်ကုန်မြို့ အောင်ဆန်းကွင်းရှိ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသို့ စာရေးသူရောက်ရှိခဲ့ရာ ဘော်လီဘောအားကစား မောင်မယ်များ လေ့ကျင့်နေကြမှုကို အားရဖွယ်မြင်တွေ့ရသည်။ "ဒီဘော်လီဘော အားကစား မောင်မယ်တွေကတော့ (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနဲ့ အာရှကလပ်အသင်း အမျိုးသားတံခွန်စိုက်ပြိုင်ပွဲအတွက်ပါ စခန်းသွင်းလေ့ကျင့်နေတာဖြစ်ပါတယ်။ ဝန်ကြီးဌာနပေါင်းစုံမှ ဘော်လီဘောကစားသမား ၁၂ ဦး ရွေးချယ်လေ့ကျင့်ပေးထားပြီး လောလောဆယ်မှာတော့ အင်ဒိုနီးရှားနိုင်ငံ တောင်ဆူမတြားပြည်နယ် ပါလန်ဘန်းမြို့မှာ ကျင်းပမယ့် အာရှကလပ်အသင်း အမျိုးသားပြိုင်ပွဲမှာ သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ အဲဒီပွဲ အခြေအနေအရ သူတို့ရဲ့ လက်ရည်တွေကို စိစစ်ပြီး (၂၆) ကြိမ်မြောက် ဆီးဂိမ်းအတွက် အားကစားသမားတွေ ရွေးချယ်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

ပြည်တွင်းပြည်ပ ပြိုင်ပွဲအတွေ့အကြုံများရယူကာ နေ့စဉ်နံနက်နှင့် ညနေတိုင်း လေ့ကျင့်နေကြသည့် ဘော်လီဘော အားကစားသမားများကို မြင်တွေ့ရသည်မှာ အားရဖွယ်ဖြစ်သည်။ ထို့အပြင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း၌ အသင်းခွဲကာ လက်ရည်စမ်းပွဲများ ပြုလုပ်ပြီး အားကစားသမားများတိုးတက်မှုရရှိရန် လေ့ကျင့်လျက်ရှိသည်။

အပြင်းအထန်လေ့ကျင့်

ကြံ့ခိုင်မှု၊ လျင်မြန်ဖျတ်လတ်မှု၊ သက်လုံကောင်းမှု၊အချင်းချင်းနားလည်မှု၊ နည်းစနစ်နှင့် နည်းဗျူဟာများ တိုးတက်ကောင်းမွန်မှုများအတွက် အပြင်းအထန် လေ့ကျင့်နေကြသည့် မြန်မာဘော်လီဘောအားကစားသမားများမှာ အနာဂတ်ကာလ နိုင်ငံတကာပြိုင်ပွဲများတွင် မြန်မာ့ဂုဏ်ကို ဆောင်နိုင်ကြမည်ဟု ယုံကြည်မိပါကြောင်း. . .။ ။

(မြန်မာ့အလင်း)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်



ကန့်ဘလူမြို့ ကာဘိုးကျေးလက်ဈေးအတွင်းရှိ အများသုံးအိမ်သာဆောက်လုပ်ပြီးစီးမှုကို ဇူလိုင် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကျိုက်လတ်မြို့နယ် အမှတ်(၄) ရပ်ကွက် ဦးပြုံးချိုလမ်းတွင် မြေယာရှုခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းလင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၃)

ဘိုကလေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ဈေးရေမြောင်းများရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁ ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးတင်မောင်လတ်နှင့် အဖွဲ့ဝန်ထမ်းများဆောင်ရွက်ကြစဉ်။ (ဝ၆၆)

သိန်းနီမြို့နယ် အထကကျောင်းလမ်းနှင့် မန္တလေးလမ်းဆုံ၌ ကွန်ကရစ်ရေထုတ်မြောင်းတပ်ဆင်ပြီးစီးမှုကို ဇူလိုင် ၁၀ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်စောနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ကျော်တို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ညောင်ရွှေမြို့နယ် မြို့မ မင်္ဂလာဈေးအတွင်းရှိ ဈေးမီးဘေးလုံခြုံရေးအတွက် ဂါလန် ၃၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန် ဆောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၁၃ ရက်က အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ-ရုရှား-လွှတ်တော်နှင့် ဒူးမား

မောင်သံငြိမ်း

နှစ်ပေါင်း ၆၀ ကျော်ကာလကပင် ချစ်ကြည်ရင်းနှီးခဲ့သော ရုရှားဖက်ဒရေးရှင်းနိုင်ငံ (The State Duma) ဒူးမားလွှတ်တော်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်ပြီး လွှတ်တော်ကိုယ်စားလှယ်ကိုးဦးပါဝင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၁ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှ ဇူလိုင်လ ၁ ရက်နေ့အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့နှင့် စိန့်ပီတာစ်ဘတ်မြို့များသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ကြပါသည်။

ခရီးစဉ်၏ရည်ရွယ်ချက်မှာ ရှိရင်းစွဲနှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာစေရန်နှင့် နှစ်နိုင်ငံလွှတ်တော်များအကြား အပြန်အလှန်လေ့လာ၍ အမြင်ချင်းဖလှယ်ရန်၊ ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး လွှတ်တော်အဆင့်ဆင့်ပေါ်ပေါက်လာခဲ့မှုကို နိုင်ငံတကာအသိုင်းအဝိုင်းက ဝမ်းမြောက်ဝမ်းသာ ဂုဏ်ပြုကြိုဆိုခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မှန်ကန်စွာ နားလည်သဘောပေါက်ပြီး ပါတီစုံဒီမိုကရေစီစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် လွှတ်တော်များပေါ်ထွန်းလာမှုကို ဂုဏ်ပြုခဲ့သည့် နိုင်ငံများစာရင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသည်လည်း မိတ်ဆွေနိုင်ငံတစ်နိုင်ငံအနေဖြင့် ပါဝင်ခဲ့ပါသည်။ တစ်ချိန်တည်းလိုပင် နှစ်နိုင်ငံလွှတ်တော်များအကြား ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးကို ရှေးရှု၍ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ရုရှားနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ကြားခဲ့ခြင်းဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်ပြီး ပြည်ပသို့ ပထမအကြိမ်သွားရောက်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဖြစ်ရာ ပြည်သူ့လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် ငါးဦး၊ အမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်လေးဦးပါဝင်ကြပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများဖြစ်ကြသော လွှတ်တော်ကော်မတီများတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များအဖြစ် တာဝန်ယူဆောင်ရွက်နေကြသူများ ဖြစ်ကြပါသည်။ ကော်မတီဝင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမှာ ကူးသန်းရောင်းဝယ်မှု၊ ကုန်သွယ်မှုကဏ္ဍများတွင် အောင်မြင်နေသောစီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြပါသည်။ လွှတ်တော်ကော်မတီလုပ်ငန်းများ၊ ဘာသာရပ်ဆိုင်ရာလုပ်ငန်းများတွင် ကျွမ်းကျင်နှံ့စပ်သူများပါဝင်ဖွဲ့စည်းထားသည့် ပြည်သူ့ကိုယ်စားလှယ်အဖွဲ့ဖြစ်ရာ ချစ်ကြည်ရေးခရီးသွားရောက်ရခြင်း၏ ရည်ရွယ်ချက်ပြည့်မြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိကြသူများ ဖြစ်ကြပါသည်။

မြန်မာ-ရုရှား နှစ်နိုင်ငံသည် နှစ်ကာလကြာမြင့်စွာကပင် အပြန်အလှန် နားလည်လေးစားမှုဖြင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံလာခဲ့ကြသည့် မိတ်ဆွေနိုင်ငံများဖြစ်ကြရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်သွားရောက်လေ့လာမှုများ ရှိခဲ့ပါသည်။ အဆင့်မြင့် နိုင်ငံ့ခေါင်းဆောင်များ၏ ချစ်ကြည်ရေးခရီးစဉ်များအပါအဝင် နှစ်ပေါင်း (၄၀) ခန့်အတွင်း အကြိမ် (၃၀) ခန့်စီ အပြန်အလှန် လည်ပတ်မှုများရှိခဲ့ကြောင်း မှတ်တမ်းများ၌ တွေ့ရှိရပါသည်။

နှစ်နိုင်ငံအကြား ချစ်ကြည်ရေးခရီးများ အပြန်အလှန်သွားရောက်လည်ပတ်မှုတွင် လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များလည်း အပါအဝင်ဖြစ်ပါသည်။ နောက်ဆုံးသွားရောက်ခဲ့သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ၁၉၇၅ ခုနှစ်က သွားရောက်ခဲ့ခြင်းဖြစ်ပြီး ရုရှားဒူးမားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ၁၉၉၅ ခုနှစ်တွင်လည်းကောင်း၊ ရုရှားအထက်လွှတ်တော်(ဖက်ဒရေးရှင်းကောင်စီ) ဒုတိယဥက္ကဋ္ဌသည် ၁၉၉၆ ခုနှစ်တွင်လည်းကောင်း မြန်မာနိုင်ငံသို့ လာရောက်ခဲ့ကြပါသည်။ နှစ်နိုင်ငံလွှတ်တော်များအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ ဆက်သွယ်မှုကို ခေတ်သစ်၊ စနစ်သစ်နှင့်အညီ မြန်မာနိုင်ငံတွင် ပေါ်ထွန်းလာသော လွှတ်တော်ကိုယ်စားပြု ပြည်သူ့ကိုယ်စားလှယ်များ၏ ချစ်ကြည်ရေးခရီးစဉ်ဖြင့် ထပ်လောင်းအားဖြည့်ပေးနိုင်ခဲ့ပါသည်။

ဆွေးနွေး၊ အမြင်ချင်းဖလှယ်မှု

၂၀၁၁ ခုနှစ် ဇွန်လ ၂ ရက်နေ့က ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့ရှိ ဒူးမားလွှတ်တော်သို့သွားရောက်၍ ဒူးမားလွှတ်တော်ဥက္ကဋ္ဌ (H.E.Mr.Gryzlov) အား တွေ့ဆုံနှုတ်ဆက်ပြီး နှစ်နိုင်ငံလွှတ်တော်ကိုယ်စားလှယ်အဖွဲ့များအကြား ခင်မင်ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ဦးစွာ ဒူးမားလွှတ်တော်ဥက္ကဋ္ဌက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ကိုယ်စား ၎င်း၏ဖိတ်ကြားချက်ကို မဆိုင်းမတွလက်ခံတုံ့ပြန်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကိုယ်တိုင် ခေါင်းဆောင်ပြီး ချစ်ကြည်ရေးလာရောက်ခြင်းကို ဝမ်းမြောက်စွာ ကြိုဆိုရပါကြောင်း၊ မြန်မာနိုင်ငံတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို လွတ်လပ်စွာ၊ အေးချမ်းစွာ စနစ်တကျ ကျင်းပနိုင်ခဲ့ပြီး ပထမအကြိမ် လွှတ်တော်အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံလွှတ်တော်များအကြား အမြင်များဖလှယ်၍ ပူးပေါင်းဆောင်ရွက်ရေးကို ရှေးရှုသည့် ခရီးစဉ်အဖြစ် ကြိုဆိုပါကြောင်း၊ သိရှိဆွေးနွေးလိုသည်များ အချိန်၊ နေရာမရွေး ဆွေးနွေးနိုင်ပါကြောင်း နွေးထွေးစွာ နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကလည်း မိမိတို့ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးစွာ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား၍ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း ပြန်လည်ပြောကြား၍ မိမိတို့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေးခရီးလာရောက်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပါသည်။ တစ်ချိန်တည်းတွင် အခွင့်အခါသင့်ခိုက် မြန်မာနိုင်ငံ၏ နိုင်ငံရေး တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုဖြစ်စဉ်များကို မိတ်ဆွေများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

ဒူးမားလွှတ်တော်ဥက္ကဋ္ဌက **၎င်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ လုံခြုံရေးကောင်စီဝင်ဖြစ်သဖြင့် အစည်းအဝေးများတွင် မြန်မာ-ရုရှား ဆက်ဆံရေးကို အမြဲလိုပင် စောင့်ကြည့်သိရှိခွင့်ရရှိကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးတိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများအတွက် ဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ တိုးတက်အောင်မြင်မှုရရှိစေရန် ဆန္ဒပြုပါကြောင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုပမာဏမှာ သေးငယ်သော်လည်း တိုးတက်မှုများ တွေ့ရှိနေရကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန် လိုအပ်သည်ဟု မြင်ပါကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး အရေးကြီးပါကြောင်း၊ ဘူမိဗေဒလေ့လာရေး၊ သဘာဝဓာတ်ငွေ့ထုတ်လုပ်ရေးနှင့် ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း၊ ဒူးမားလွှတ်တော်အနေဖြင့် ရုရှားဖက်ဒရေးရှင်းအစိုးရက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန် တွန်းအားပေး ဆောင်ရွက်နိုင်ပါကြောင်း** စသည်ဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကလည်း **မြန်မာ-ရုရှား ကုန်သွယ်မှုမြှင့်တင်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး အရေးကြီးသည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ အဆွေတော်တို့ တာဝန်ယူစဉ် ပိုမိုတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရေနံ သဘာဝဓာတ်ငွေ့၊ သတ္တုကဏ္ဍများတွင် စိတ်ဝင်စားမှုရှိနိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာထွက်ကုန်သီးနှံ၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ ကျွန်းသစ်စသည်များ ရောင်းချပေးနိုင်ကြောင်း၊ ရော်ဘာစိမ်းနှင့် အထည်ချုပ်လုပ်ငန်းများလည်း ပါဝင်ကြောင်း၊ ချက်ပြီးရေနံနှင့် ဓာတ်မြေသြဇာများ ဝယ်ယူတင်သွင်းနိုင်ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ရုရှားနိုင်ငံသားများ စိတ်ဝင်စားမည့် သာယာလှပသန့်ရှင်းသည့် ပင်လယ်ကမ်းခြေအပန်းဖြေနေရာများ ရှိပါကြောင်း၊ ဖိတ်ခေါ်ကြိုဆိုပါကြောင်း၊ မိမိခရီးစဉ်အတွင်း ရုရှားကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၏ ဖိတ်ကြားချက်များရှိ၍ တွေ့ဆုံဆွေးနွေးရန်ရှိပါကြောင်း၊ ကိုယ်စားလှယ်အဖွဲ့တွင် သက်ဆိုင်ရာစီးပွားရေးလုပ်ငန်းရှင်လွှတ်တော်ကိုယ်စားလှယ်များလည်းပါဝင်သဖြင့် ဆွေးနွေးနိုင်ပါကြောင်း၊ နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူများ၏ အကျိုးစီးပွားအတွက် နီးကပ်စွာ ပူးပေါင်းဆက်သွယ်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အဆွေတော်တို့၏ အတွေ့အကြုံများကို ရယူဆောင်ရွက်နိုင်ပါကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ သိပ္ပံနှင့် နည်းပညာ ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရန် အတွေ့အကြုံများ ဖလှယ်နိုင်ပါကြောင်း၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍတွင်လည်း ပူးပေါင်းဆောင်ရွက်ရန် ရှိပါကြောင်း၊ အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိုတိုးမြှင့်ရန် တိုက်တွန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း** ပြန်လည်ဆွေးနွေးခဲ့ပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ဆွေးနွေးပြောကြားချက်တွင် **မြန်မာနိုင်ငံသည် ယခင်ကကျင့်သုံးခဲ့သော လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကိုပင် ယခုအစိုးရသစ်က လက်ခံကျင့်သုံးဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် မြန်မာနိုင်ငံအရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံက မှန်ကန်စွာရပ်တည်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စများတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံက ဦးစီးဦးဆောင်ပြုဆောင်ရွက်နေမှုများအတွက် ဂုဏ်ပြုချီးကျူးလိုပါကြောင်း၊ မြန်မာနိုင်ငံက ကျင့်သုံးနေသော နိုင်ငံခြားရေးမူဝါဒအရ မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံတကာရေးရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် ရိုးသားပွင့်လင်းစွာ ဆက်ဆံဆောင်ရွက်နေပါကြောင်း**ပြောကြားခဲ့ပါသည်။ ထို့နောက် နှစ်နိုင်ငံလွှတ်တော်ရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

ဒူးမားလွှတ်တော်(အောက်လွှတ်တော်)

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒူးမားလွှတ်တော်သည် ရုရှားဖက်ဒရယ်ညီလာခံ (Federal Assembly of Russia) တွင် ပါဝင်သော အောက်လွှတ်တော် ဖြစ်ပါသည်။ အထက်လွှတ်တော်ကို ရုရှားဖက်ဒရေးရှင်းကောင်စီ (Federation Council of Russia) ဟု ခေါ်ဝေါ်ပါသည်။ ဒူးမားလွှတ်တော်ကို ၁၉၀၆ ခုနှစ်က ပထမဆုံးဖွဲ့စည်းခဲ့ပြီး ရုရှားနိုင်ငံ၏ ပထမဆုံး ရွေးကောက်တင်မြှောက်ခံရသည့် ပါလီမန်ဖြစ်ကြောင်း၊ ပထမအကြိမ်မှ စတုတ္ထအကြိမ်အထိ ဒူးမားလွှတ်တော်အစည်းအဝေးများကို ၁၉၀၆ ခုနှစ်မှ ၁၉၁၇ ခုနှစ်အထိ ဖွဲ့စည်းကျင်းပခဲ့ကြောင်း၊ ၁၉၁၇ ခုနှစ်တွင် ဇာဘုရင်ခေတ်ပြိုကွဲပျက်စီးခဲ့ကြောင်း၊ နောက်ပိုင်းတွင် ပြည်ထောင်စုဆိုဗီယက်နှင့် လူမျိုးစုဆိုဗီယက်ခေါ် ဥပဒေပြုလွှတ်တော်နှစ်ရပ်ပါဝင်သော ဆူပရင်းဆိုဗီယက်(Supreme Soviet) ကိုဖွဲ့စည်းခဲ့ရာ ဆိုဗီယက်ပြည်ထောင်စုတွင် အကြီးဆုံးအာဏာပိုင်အဖွဲ့၊ ဥပဒေပြုအဖွဲ့ ဖြစ်လာကြောင်း လေ့လာတွေ့ရှိရပါသည်။

၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးခဲ့ရာ သမ္မတဘောရစ်ရယ်ဆင်လက်ထက် ၁၉၉၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ပေါ်ပေါက်ခဲ့ကြောင်း၊ ဆူပရင်းဆိုဗီယက်နေရာတွင် ယခင်က ပျောက်ကွယ်ခဲ့ရသည့် ဒူးမားလွှတ်တော်ကို ပဉ္စမအကြိမ်အဖြစ် ပြန်လည်ဖွဲ့စည်းခဲ့ကြောင်း သိရပါသည်။ လက်ရှိဒူးမားလွှတ်တော်တွင် ရွေးကောက်တင်မြှောက်ခံရသူ လွှတ်တော်ကိုယ်စားလှယ် (၄၅၀)ဦး ပါရှိပြီး (၅)နှစ် သက်တမ်းရှိပါသည်။ ရွေးကောက်တင်မြှောက်ခံရမှုအနေအထားမှာ မစ္စတာပူတင်ခေါင်းဆောင်သော (United Russia) ယူနိုက်တက်ရုရှားပါတီမှ (၃၁၅)နေရာ၊ ကွန်မြူနစ်ပါတီမှ (၅၇)နေရာ၊ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ (၄၀)နေရာနှင့် (Fair Russia) ဖယ်ရားရုရှားပါတီမှ (၃၈) နေရာဖြစ်ကြောင်း သိရှိရပါသည်။ ၂၀၀၇ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့သော ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ ၁၀၉ သန်းအနက် သန်း ၇၀ နီးပါးမဲပေးခဲ့ကြရာ မဲပေးပိုင်ခွင့်ရှိသူစုစုပေါင်း၏ ၆၃ ဒသမ ၇၁ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါသည်။ ရွေးကောက်တင်မြှောက်ပွဲတွင် (၁၁) ပါတီ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း၊ ဆန္ဒမဲ ၇ ရာခိုင်နှုန်းအောက် ရရှိသောပါတီများ ဆက်လက်ရပ်တည်ခွင့်မရှိဘဲ သင့်ရာပါတီသို့ ထည့်ပေါင်းပေးရကြောင်း သိရှိရပါသည်။

ဒူးမားလွှတ်တော်တွင် ကော်မတီ (၃၂)ခု ဖွဲ့စည်းထားပြီး ဝန်ကြီးဌာနများ၏ လုပ်ငန်းများနှင့် ဆက်စပ်နေသော ကော်မတီများအပြင် လုပ်ငန်းကော်မတီကဲ့သို့ သီးခြားလုပ်ငန်းဆိုင်ရာ ကော်မတီများလည်း ပါရှိပါသည်။ ဥပဒေပြုမှု၊ ဥပဒေများအားစိစစ်မှု၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေကြမ်းပြုစုခြင်း၊ ဖြုတ်ပယ်၊ အစားထိုး၊ ပြင်ဆင်၊ ပယ်ဖျက်ခြင်း လုပ်ငန်းများမှာ အဓိကဖြစ်ကြောင်း သိရှိရပါသည်။

ဒူးမားလွှတ်တော်နှင့်ပတ်သက်၍ လေ့လာသိရှိရချက်များ အများအပြားရှိပါသည်။ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ရသမျှအချိန်တိုင်း ဆွေးနွေးလေ့လာ အမြင်ချင်းဖလှယ်ရသည်မှာ ဒူးမားလွှတ်တော်တွင် ဆွေးနွေးချိန်သာမက လွှတ်တော်ဒုတိယဥက္ကဋ္ဌ၏ နေ့လယ်စာစားပွဲတွင် အချိန်ထက်ဝက်မှာ ဆွေးနွေးခြင်းက အချိန်ယူခဲ့ပါသည်။ ၎င်းနေ့လယ်စာစားပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးလည်း တက်ရောက်ခဲ့ပြီး ပါဝင်ဆွေးနွေးခဲ့ပါသည်။

ရုရှားဖက်ဒရေးရှင်းကောင်စီ (အထက်လွှတ်တော်)

၂၀၁၀ ခုနှစ် ဇွန်လ ၂၈ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းကောင်စီ (အထက်လွှတ်တော်)သို့ သွားရောက်ခဲ့ရာ အထက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ (H.E.Mr.Shtyrov) မစ္စတာရှတီရောဗ်က ကြိုဆိုနှုတ်ဆက်ပြီး ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြပါသည်။ (အထက်လွှတ်တော်ဥက္ကဋ္ဌနေရာမှာ ယာယီလစ်လပ်လျက်ရှိပါသည်။)

ရုရှားအထက်လွှတ်တော် ရုရှားဖက်ဒရေးရှင်းကောင်စီသည် ရုရှားဖက်ဒရေးရှင်းပါလီမန်ဖြစ်သော ရုရှားဖက်ဒရယ်ညီလာခံတွင် ဒူးမားလွှတ်တော်(အောက်လွှတ်တော်)နှင့်အတူပါဝင်သော အထက်လွှတ်တော်ဖြစ်ပါသည်။ ရုရှားတစ်နိုင်ငံလုံးကို ဖက်ဒရယ်ဒေသ (Federal Subject) (၈၃) ခု ခွဲခြားသတ်မှတ်ထားရာ ဖက်ဒရယ်ဒေသတစ်ခုစီမှ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးစီ အညီအမျှ ရွေးချယ်တင်မြှောက်ထားသော လွှတ်တော်ကိုယ်စားလှယ် (၁၆၆) ဦးဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်အား တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီမှ ကိုယ်စားလှယ် (၁၂) ဦးစီဖြင့် ဖွဲ့စည်းထားသကဲ့သို့ ဖြစ်ပါသည်။

ရုရှားဖက်ဒရေးရှင်းကောင်စီသို့ အထက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်စေလွှတ်ရန် သတ်မှတ်ထားသည့် ဖက်ဒရယ်ဒေသ (၈၃) ခုမှာ ရီပတ်ဗလစ် (၂၁) ခု၊ အိုဗလပ် (၄၆) ခု၊ ကရိုင် (၉) ခု၊ ဖက်ဒရယ်မြို့တော် (၂) ခု (မော်စကိုနှင့် စိန့်ပီတာစ်ဘတ်)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အိုကရပ် (၄) ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အိုဗလပ် (၁) ခုတို့ပါဝင်ပါသည်။ ဖက်ဒရယ်ဒေသများမှ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦးစီ ရွေးချယ်ရာတွင် ဥပဒေပြုမှုအဖွဲ့အစည်းမှ တစ်ဦးနှင့် စီမံခန့်ခွဲမှု အဖွဲ့အစည်းမှ တစ်ဦးစီ ရွေးချယ်တင်မြှောက်ရန် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

အထက်လွှတ်တော်တွင် ကော်မတီ (၁၆)ခုနှင့် ကော်မရှင် (၇)ခု ဖွဲ့စည်းထားပြီး အထက်လွှတ်တော်၏ လုပ်ငန်းတာဝန်အသွယ်သွယ်ကို အဆိုပါကော်မတီများနှင့် ကော်မရှင်များကဆောင်ရွက်ရကြောင်း၊ အထက်လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် အောက်လွှတ်တော် ဒူးမားကဲ့သို့ မများပြားကြောင်း၊ အောက်လွှတ်တော်ဒူးမားက အဆုံးအဖြတ်ပေးရသည်က များပြားကြောင်း၊ အထက်လွှတ်တော်တွင် ပါတီကိုအခြေခံ၍ လှုပ်ရှားဆောင်ရွက်ခြင်းမပြုရန် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းကောင်စီအထက်လွှတ်တော်၏ လုပ်ငန်းတာဝန်ဖွဲ့စည်းမှုများကို လေ့လာဆွေးနွေးရာ ဒူးမားလွှတ်တော်က သဘောတူထားသော ဥပဒေကြမ်းတစ်ခုကို အထက်လွှတ်တော်က သဘောမတူပါက အထက်၊ အောက်လွှတ်တော်နှစ်ရပ် ပူးပေါင်းကော်မတီဖွဲ့၍ ဆွေးနွေးနိုင်ကြောင်း၊ လွှတ်တော်နှစ်ရပ်လုံးသို့ အသီးသီးတင်ပြ၍ မဲခွဲနိုင်ကြောင်း၊ အထက်လွှတ်တော်က သဘောတူညီချက်မပေးသည့် ဥပဒေကြမ်းကို အောက်လွှတ်တော်ကိုယ်စားလှယ်သုံးပုံနှစ်ပုံက သဘောတူလျှင် အတည်ပြုနိုင်ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

စိန့်ပီတာစ်ဘတ်မြို့ ဒူးမားလွှတ်တော်

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဖက်ဒရယ်ဒေသတစ်ခုဖြစ်ပြီး မြို့တော်ဟောင်းလည်းဖြစ်သည့် စိန့်ပီတာစ်ဘတ်မြို့သည် ခေတ်မီဖွံ့ဖြိုးသည့် စီးပွားရေးအချက်အချာမြို့လည်း ဖြစ်သည်။ ...
မြို့ ဒူးမားလွှတ်တော်သို့ မြန်မာလွှတ်...
သွားရောက်လေ့လာခဲ့ပါသည်။ စိန့်ပီတာစ်ဘ...
နှစ်ပေါင်း ၃၀၀ ကျော် (၁၇၀၃ ခုနှစ်)က ဇ...
အခြေပြုတည်ထောင်ခဲ့သော မြို့တော်ဖြစ်ပါ...
ကုန်ဆုံးပြီးချိန် ၁၉၁၇ ခုနှစ်လွန်မှ မြို့တော်ကို...
ခြင်း ဖြစ်ပါသည်။

စိန့်ပီတာစ်ဘတ်မြို့တော် ဒူးမားလွှတ်တေ...
H.E.Mr.V.I.Tyulpanou က မြန်မာလွှတ်...
အား ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး လွှတ်တော်...
ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆွေ...
သဖြင့် အဆင့်တူညီသော ရန်ကုန်တိုင်းဒေသကြ...
အစည်းမျိုးနှင့် ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွ...
ပါဝင်ခဲ့ပါသည်။

စိန့်ပီတာစ်ဘတ်မြို့တော် ဒူးမားလွှတ်တေ...
ဒူးမားလွှတ်တော်ကိုယ်စားလှယ် (၅၀) ဦးပါဝင်...
တွင်း နယ်မြေ (၁၈) ခုတွင် ဒူးမားလွှတ်တော်ကို...
များ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများနှင့်...
ခြင်း၊ ဆန္ဒရယူဆွေးနွေးခြင်း၊ တင်ပြချက်များကို...
ပြီး မြို့တော် ဒူးမားလွှတ်တော်အစည်းအဝေးမျာ...
အစဉ်အလာရှိကြောင်း လေ့လာမှတ်သားမိပါ...
တင်မြှောက်လိုက်သည့် မဲဆန္ဒရှင်များနှင့် ပုံမှန်...
မှတ်သားဖွယ်ရာဖြစ်ပါသည်။

ရုရှားနိုင်ငံသမိုင်းတွင် အစဉ်အလာကြီးမား...
မှ ပီတာ-သ-ဂရိတ်ဘုရင်ကြီး ကက်သရင်းဘုရ...
ဆောက်လုပ်ခဲ့သော နန်းတော်များ၊ အဆောက...
ဖြင့် ခမ်းနားထည်ဝါလှပစွာ တည်ရှိနေသော...
ဥရောပတစ်ခွင်မှ ကမ္ဘာလှည့်ခရီးသွားများဖြင့်...
ပါသည်။

စီးပွားကူးသန်းကုန်သွယ်ရေးကိစ္စရပ်များ

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခေါင်းဆောင်သေ...
အဖွဲ့သည် အိမ်ရှင်နိုင်ငံ၏ အစီအစဉ်တွင်ပါရှိ...
စီးပွားကူးသန်းကုန်သွယ်ရေးကိစ္စရပ်များကိုလ...
တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ မော်စကိုမြို့တွင်ရှိစ...
အသင်းသို့ သွားရောက်ဆွေးနွေးခဲ့ရာ မြန်မ...
ဆောင်ရွက်နေသော ရုရှားလုပ်ငန်းရှင်များလ...
သည်။ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွ...
ကိုယ်စားလှယ်နှစ်ဦးမှာ မြန်မာနိုင်ငံ ကုန်သ...
လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများဖြ...
ဆွေးနွေးလိုသည်များကို ဆွေးနွေးနိုင်ခဲ့ပါသည်။...
နှင့်အဖွဲ့ဝင်များက ဆွေးနွေးရာတွင် နှစ်နိုင်ငံလေ...
ပျံသန်းမှု၊ ကမ္ဘာလှည့်ခရီးသည်များအတွက် ခရီး...
သတ္တုကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ ရေနံနှင့်သဘာဝဓာ...
လယ်ယာထွက်သီးနှံနှင့် သစ်တောထွက်ပစ္စည်း...
ပစ္စည်းများတင်ပို့ရေး၊ အထည်ချုပ်လုပ်ငန်းရင်း...
ကဏ္ဍပေါင်းစုံလင်ပါသည်။ အလားတူပင်...
လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် သီးခြ...
လည်းရှိပါသည်။ စိန့်ပီတာစ်ဘတ်မြို့တွင် ရုရှ...
များက နီဗာမြစ်အတွင်း သင်္ဘောဖြင့်လှည့်လ...
ညစာအတူသုံးဆောင်၍ စီးပွားကုန်သွယ်ရေး...
ပါသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမ...
အလားအလာကောင်းများ တွေ့ရှိရပါသည်။...
အခဲများကိုလည်း ဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ပါသ...
နိုင်ငံသားများအကြား ခေတ်စားနေသော ကမ္ဘာ...
၎င်းတို့စိတ်ဝင်စားသည့် ပင်လယ်ကမ်းခြေအပ...
အလာကောင်းများ၊ အခြေခံအဆောက်အအုံများ...
မြန်မာနိုင်ငံက ဆွဲဆောင်နိုင်ရေးကြိုးပမ်းသင့်...
သဘောရရှိကြပါသည်။**

ရုရှားဖက်ဒရေးရှင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခေါင်းဆောင်သ...
**ကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံ...
ရှိရင်းစွဲ မြန်မာ-ရုရှား ချစ်ကြည်ရေးကို တိုးမြှ...
သာမက ယခင်ကပင် အဆက်အသွယ်ရှိခဲ့သော...
အကြား အပြန်အလှန်ဆက်သွယ်မှု၊ အတွေ့အကြ...
ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။ ဥပဒေပြုရေး၊ စီ...
ရေးဟူသည့် နိုင်ငံတော်၏ အာဏာခက်မသုံး...
အပေးအယူ မျှတ၊ ညီညွတ်စွာကျင့်သုံးနေသေ...
တန်ဖိုးရှိလှပါသည်။ ထို့အပြင် လွှတ်တော်များ၏...
များ ထမ်းဆောင်နေရသည့် လုပ်ငန်းတာဝန်မျာ...
အပေါ် ပြည်သူကိုယ်စားလှယ်များက ထိတွေ့...
အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု စသည်မ...
ခဲ့ပါသည်။ လွှတ်တော်လုပ်ငန်းများတွင် အဓိ...
ကော်မတီများနှင့် လွှတ်တော်ရုံးအဖွဲ့များ ဖွဲ့...
ကိုလည်း လေ့လာခွင့်ရရှိခဲ့ပါသည်။ နှစ်နိုင်ငံဆ...
စေသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိ...
အလာများကိုလည်း ဆွေးနွေးနိုင်ခဲ့ရာ နှစ်...
ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပါကြောင်း တင်ပြအ...**

စီးပွားရေးအချက်အချာမြို့လည်း ဖြစ်သည်။ အဆိုပါစိန့်ပီတာစ်ဘတ်မြို့ ဒူးမားလွှတ်တော်သို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာခဲ့ပါသည်။ စိန့်ပီတာစ်ဘတ်မြို့သည် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ ကျော် (၁၇၀၃ ခုနှစ်)က ဇာဘုရင် ပီတာ-သ-ဂရိတ် အခြေပြုတည်ထောင်ခဲ့သော မြို့တော်ဖြစ်ပါသည်။ ဇာဘုရင်ခေတ်ကုန်ဆုံးပြီးချိန် ၁၉၁၇ ခုနှစ်လွန်မှ မြို့တော်ကို မော်စကိုသို့ ပြောင်းရွှေ့ခြင်း ဖြစ်ပါသည်။

စိန့်ပီတာစ်ဘတ်မြို့တော် ဒူးမားလွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.V.I.Tyulpanou က မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်ပြီး လွှတ်တော်များအချင်းချင်း ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကို အလေးထားဆွေးနွေးကြပါသည်။ အထူးသဖြင့် အဆင့်တူညီသော ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကဲ့သို့ အဖွဲ့အစည်းမျိုးနှင့် ပိုမိုရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးအဆိုပြုချက်များ ပါဝင်ခဲ့ပါသည်။

စိန့်ပီတာစ်ဘတ်မြို့တော် ဒူးမားလွှတ်တော်တွင် မဲဆန္ဒနယ် ၅၀ မှ ဒူးမားလွှတ်တော်ကိုယ်စားလှယ် (၅၀) ဦးပါဝင်ကြောင်း၊ မြို့တော်ဒေသတွင်း နယ်မြေ (၁၈) ခုတွင် ဒူးမားလွှတ်တော်ကိုယ်စားလှယ်များ၏ ရုံးခန်းများ ဖွင့်လှစ်ထားပြီး မဲဆန္ဒရှင်ပြည်သူများနှင့် အပတ်စဉ် ပုံမှန်တွေ့ဆုံခြင်း၊ ဆန္ဒရယူဆွေးနွေးခြင်း၊ တင်ပြချက်များကို ကြားနာခြင်းများ ပြုလုပ်ပြီး မြို့တော် ဒူးမားလွှတ်တော်အစည်းအဝေးများကို တင်ပြဆွေးနွေးသည့် အစဉ်အလာရှိကြောင်း လေ့လာမှတ်သားမိပါသည်။ မိမိအားရွေးချယ်တင်မြှောက်လိုက်သည့် မဲဆန္ဒရှင်များနှင့် ပုံမှန်ထိတွေ့ဆောင်ရွက်မှုမှာ မှတ်သားဖွယ်ရာဖြစ်ပါသည်။

ရုရှားနိုင်ငံသမိုင်းတွင် အစဉ်အလာကြီးမားသော ဇာဘုရင်မင်းဆက်မှ ပီတာ-သ-ဂရိတ်ဘုရင်ကြီး ကက်သရင်းဘုရင်မကြီးတို့လက်ထက်က ဆောက်လုပ်ခဲ့သော နန်းတော်များ၊ အဆောက်အအုံများ၊ ပြတိုက်များဖြင့် ခမ်းနားထည်ဝါလှပစွာ တည်ရှိနေသော စိန့်ပီတာစ်ဘတ်မြို့တွင် ဥရောပတစ်ခွင်မှ ကမ္ဘာလှည့်ခရီးသွားများဖြင့် ပြည့်နေကြောင်း တွေ့ရှိရပါသည်။

စီးပွားကူးသန်းကုန်သွယ်ရေးကိစ္စရပ်များ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိမ်ရှင်နိုင်ငံ၏ အစီအစဉ်တွင်ပါရှိသည့်အတိုင်း နှစ်နိုင်ငံ စီးပွားကူးသန်းကုန်သွယ်ရေးကိစ္စရပ်များကိုလည်း ခရီးစဉ်အတွင်း တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ မော်စကိုမြို့တွင်ရှိစဉ် ရုရှားကုန်သည်ကြီးများအသင်းသို့ သွားရောက်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံနှင့် ဆက်သွယ်ဆောင်ရွက်နေသော ရုရှားလုပ်ငန်းရှင်များလည်း တက်ရောက်ခဲ့ပါသည်။ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမှာ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများဖြစ်ရာ ရုရှားဘက်မှ သိလိုဆွေးနွေးလိုသည်များကို ဆွေးနွေးနိုင်ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆွေးနွေးရာတွင် နှစ်နိုင်ငံလေယာဉ်ခရီးစဉ် တိုက်ရိုက်ပျံသန်းမှု၊ ကမ္ဘာလှည့်ခရီးသည်များအတွက် ခရီးစဉ်များဖော်ထုတ်စီစဉ်မှု၊ သတ္တုကဏ္ဍရင်းနှီးမြှုပ်နှံမှု၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရောင်းဝယ်မှု၊ လယ်ယာထွက်သီးနှံနှင့် သစ်တောထွက်ပစ္စည်းများတင်ပို့ရေး၊ ရေထွက်ပစ္စည်းများတင်ပို့ရေး၊ အထည်ချုပ်လုပ်ငန်းရင်းနှီးမြှုပ်နှံမှု အစရှိသဖြင့် ကဏ္ဍပေါင်းစုံလင်ပါသည်။ အလားတူပင် ရုရှားလုပ်ငန်းရှင်အချို့က လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် သီးခြားချိန်းဆိုဆွေးနွေးမှုများလည်းရှိပါသည်။ စိန့်ပီတာစ်ဘတ်မြို့တွင် ရုရှားစီးပွားရေးလုပ်ငန်းရှင်များက နီဗာမြစ်အတွင်း သင်္ဘောဖြင့်လှည့်လည်ပြသ ဆွေးနွေးရင်း ညစာအတူသုံးဆောင်၍ စီးပွားကုန်သွယ်ရေးကိစ္စများ ဆွေးနွေးခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးပမာဏမြှင့်တင်ရေးအတွက် အလားအလာကောင်းများ တွေ့ရှိရပါသည်။ ဖြေရှင်းပေးရမည့် အခက်အခဲများကိုလည်း ဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ပါသည်။ အထူးသဖြင့် ရုရှားနိုင်ငံသားများအကြား ခေတ်စားနေသော ကမ္ဘာလှည့်ခရီးသွားလာမှုတွင် ၎င်းတို့စိတ်ဝင်စားသည့် ပင်လယ်ကမ်းခြေအပန်းဖြေမှုအတွက် အလားအလာကောင်းများ၊ အခြေခံအဆောက်အအုံများ အတန်အသင့်ရှိနေသော မြန်မာနိုင်ငံက ဆွဲဆောင်နိုင်ရေးကြိုးပမ်းသင့်ကြောင်း နှစ်ဦးနှစ်ဖက် သဘောရရှိကြပါသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခေါင်းဆောင်သည့် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံချစ်ကြည်ရေးခရီးစဉ်သည် ရှိရင်းစွဲ မြန်မာ-ရုရှား ချစ်ကြည်ရေးကို တိုးမြှင့်အားဖြည့်ပေးနိုင်ခဲ့သည်သာမက ယခင်ကပင် အဆက်အသွယ်ရှိခဲ့သော နှစ်နိုင်ငံလွှတ်တော်များအကြား အပြန်အလှန်ဆက်သွယ်မှု၊ အတွေ့အကြုံအမြင်များဖလှယ်မှုကို ဖော်ဆောင်ပေးနိုင်ခဲ့ပါသည်။ ဥပဒေပြုရေး၊ စီမံခန့်ခွဲရေး၊ တရားစီရင်ရေးဟူသည့် နိုင်ငံတော်၏ အာဏာခက်မသုံးဖြာကို ဟန်ချက်ညီညီ၊ အပေးအယူ မျှတ၊ ညီညွတ်စွာကျင့်သုံးနေသော အတွေ့အကြုံမှာလည်း တန်ဖိုးရှိလှပါသည်။ ထို့အပြင် လွှတ်တော်များရှိ ပြည်သူကိုယ်စားလှယ်များ ထမ်းဆောင်နေရသည့် လုပ်ငန်းတာဝန်များ၊ မဲဆန္ဒရှင်ပြည်သူများအပေါ် ပြည်သူကိုယ်စားလှယ်များက ထိတွေ့ဆက်ဆံ၊ တာဝန်ယူရမှု၊ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု စသည်များကို လေ့လာခွင့် ရရှိခဲ့ပါသည်။ လွှတ်တော်လုပ်ငန်းများတွင် အဓိကကျသော လွှတ်တော်ကော်မတီများနှင့် လွှတ်တော်ရုံးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှုများကိုလည်း လေ့လာခွင့်ရရှိခဲ့ပါသည်။ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမို၍ခိုင်မာစေသော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးအတွက် အလားအလာများကိုလည်း ဆွေးနွေးနိုင်ခဲ့ရာ နှစ်ဦးနှစ်ဖက်အကျိုးရှိသော ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာအဝင်

ကတ္တရာလမ်းသစ်ဖွင့်ပွဲနှင့် စက်ရေတွင်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၁

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်ပြီးစီးခဲ့သည့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ဌာနမှူး ဦးကျော်မြင့်က ပြန်ကပြေးကျေးရွာအဝင် ကတ္တရာလမ်းသစ်နှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်၊ ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးရည်မွန်နှင့် ရပ်မိရပ်ဖ ဦးဝင်းဋ္ဌေးတို့က ပြန်ကပြေးကျေးရွာအဝင် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဧည့်သည်တော်များသည် ပြန်ကပြေးကျေးရွာအဝင် ကတ္တရာလမ်းသစ်တစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာအဝင် ကတ္တရာလမ်းသည် အရှည်ပေ ၃၀၀၀ နှင့် အကျယ် ၁၈ ပေရှိပြီး ကတ္တရာလမ်းသစ်အဖြစ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က ဆောင်ရွက်ပြီးစီးခဲ့သော လမ်းဖြစ်ကြောင်း၊ လမ်းတစ်လျှောက်၌ ဆိုဒီယမ်မီးတိုင်များ တပ်ဆင်ပေးခဲ့သဖြင့် ပြန်ကပြေးကျေးရွာနေ ပြည်သူများအနေဖြင့် ပျဉ်းမနား-တောင်ညို ကားလမ်းမကြီးရှိ ဇီဇဝါပန်း အဝိုင်းမှတစ်ဆင့် နေပြည်တော်ကောင်စီနယ်မြေ အသီးသီးသို့ နေ့၊ ည လွယ်ကူချောမွေ့စွာဖြင့် သွားလာနိုင်ပြီဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် ဧည့်သည်တော်များသည် ပြန်ကပြေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည့် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့တက်ရောက်ကြရာ ရှေးဦးစွာ ပြန်ကပြေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးတင်ဦးနှင့် ရပ်မိရပ်ဖ ဦးဝင်းဋ္ဌေးတို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် စက်ရေတွင်းမှရေထွက်ရှိမှုကို ကြည့်ရှုကြသည်။

တူးဖော်ပေး

ပြန်ကပြေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ ကျောင်းသား ကျောင်းသူများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုရန်ပုံငွေဖြင့် အနက်ပေ ၄၀၀ နှင့် အချင်း လေးလက်မရှိ အဆိုပါစက်ရေတွင်းကို တူးဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပြန်ကပြေးကျေးရွာအဝင် ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ လျင်မြန်စွာရရှိရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်

လုပ်ငန်းများ အောင်မြင်ရေး ဒေသခံပြည်သူများ ဝိုင်းဝန်းကူညီ

နေပြည်တော် ဇူလိုင် ၂၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကညွတ်ကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်း စိစစ်ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ ဒေသခံပြည်သူများအား အထူးအစီအစဉ်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စိစစ်ထုတ်ပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သတ်မှတ်ကုန်ကျငွေနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာ ရရှိနိုင်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှု၊ လုပ်ငန်းအခက်အခဲများရှိပါက ဖြေရှင်းဆောင်ရွက်ပေးမည့် အစီအမံများ၊ ယင်းလုပ်ငန်းများ အောင်မြင်ရေးအတွက် ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်လျှောက်ထား ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ ယခုဆောင်ရွက်ပေးနေသည့် လုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာအခက်အခဲများ၊ လုပ်ငန်းအဆင်မပြေမှုများကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှင်းလင်းပြောကြား

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဖြူးမြို့နယ် ကညွတ်ကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၇-၂၀၁၁ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅	၃။	နိုင်ငံတော်သီချင်း
၇း၁၀	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာ့ရှုခင်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၁	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂	၃။	နိုင်ငံတော်သီချင်း
၄း၀၃	၄။	အဖွင့်သီချင်း
၄း၀၅	၅။	မျိုးချစ်တပ်မတော်
၄း၁၀	၆။	မဟာဂီတချိုကြည်မြ
၄း၂၀	၇။	မြန်မာစာ မြန်မာစကား (အပိုင်း-၈)
၄း၃၀	၈။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၀	၉။	လျှပ်တစ်ပြက်
၄း၅၀	၁၀။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၅	၁၁။	အိုင်စီတီသုတ
၅း၁၀	၁၂။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၃။	သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ
	-	ရေအောက်ကမ္ဘာက သက်ရှိသတ္တဝါများ (အပိုင်း -၂၀)
၆း၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၅။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၆။	**ရွှာ** ဟာသဇာတ်လမ်းတွဲ **ဒုတိယအကြိမ် တောင်းရမ်းခြင်း** ပေါ်လေး၊ ရွှေအိုး၊ အိုင်းလောင်နှင့် သရုပ်ဆောင်များ
၆း၄၅	၁၇။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀	၁၈။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လမင်း နေမင်း ကြယ်တစ်စင်း** (အပိုင်း-၃၁)
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	ဒို့တာဝန်အရေး(၃)ပါး
	၂၂။	နိုင်ငံတကာသတင်း
	၂၃။	မိုးလေဝသသတင်း
	၂၄။	စိုက်ပျိုးသုတ
	၂၅။	သံစဉ်များနှင့်ကမ္ဘာ
	၂၆။	မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
	၂၇။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၈။	ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၃၆)
	၂၉။	ကမ္ဘာတစ်ခွင်ခရီးစဉ်

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား

ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးအား ကိုရီးယားသမ္မတနိုင်ငံ Busan Korea Biotechnology Co.,Ltd. Chairman Mr. Chung Si Woo နှင့်အဖွဲ့သည် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌လာရောက်တွေ့ဆုံ၍ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးကိစ္စ၌ ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဇော်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

ကန့်မောင်းသူမဲ့လေယာဉ် ပါကစ္စတန်၌ (၄၄)ကြိမ်မြောက်တိုက်ခိုက်

အစ္စလမ္မာဘတ် ဇူလိုင် ၂၁

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်း ဇူလိုင် ၂၀ ရက်က အိမ်တစ်လုံးကို ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်မှုကြောင့် ဒေသခံလေးဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ပါကစ္စတန်နိုင်ငံအတွင်း လူမျိုးစုဒေသများသို့ အမေရိကန်မောင်းသူမဲ့လေယာဉ်များ၏ တိုက်ခိုက်မှုမှာ ၂၀၁၁ခုနှစ်အတွင်း(၄၄)ကြိမ်ရှိသွားပြီး စုစုပေါင်း လူ ၄၀၀ ကျော် သေဆုံးခဲ့ရပြီဖြစ်သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

တရုတ်နိုင်ငံ ဟိုင်နန်ကျွန်း၌ တတိယမြောက်လေဆိပ် တည်ဆောက်မည်

ဟိုင်ကူး ဇူလိုင် ၂၁

တရုတ်နိုင်ငံတောင်ဘက်စွန်း ဟိုင်နန်ကျွန်း၌ လေဆိပ်တစ်ခု ထပ်မံတည်ဆောက်ရေးအတွက် တရုတ်အာဏာပိုင်များက ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဇူလိုင် ၂၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

သွားရောက်လည်ပတ်

အဆိုပါလေဆိပ်တည်ဆောက်ရေး စီမံကိန်းပြီးစီးပါက ဟိုင်နန်ကျွန်းတွင် တတိယမြောက် လေဆိပ်ပေါ်ပေါက်လာမည်ဖြစ်သည်။ ယခင်လေဆိပ်နှစ်ခုမှာ ဟိုင်ကူးပြည်နယ်မြို့တော်၌ တစ်ခုနှင့် စန်းယအပန်းဖြေကမ်းခြေ၌တစ်ခု အသီးသီးရှိကြသည်။ ဟိုင်နန်ကျွန်းမှာ တရုတ်ပြည်မကြီးနှင့် ရေလက်ကြားခြားနေသဖြင့် ကမ္ဘာလှည့်ခရီးသည်များမှာ လေယာဉ်ခရီးဖြင့် သွားရောက်လည်ပတ်ကြလေ့ရှိသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**



မက္ကဆီကိုသို့ အင်အားပြင်းဟာရီကိန်းတိုက်ခတ်နိုင်

မက္ကဆီကိုစီးတီး ဇူလိုင် ၂၁

မက္ကဆီကိုနိုင်ငံပစိဖိတ်ကမ်းလွန်တွင် ဒိုရာအမည်ရှိ ဟာရီကိန်းမုန်တိုင်း ဖြစ်ပေါ်လျက်ရှိရာ**(အပေါ်ပုံ)** မက္ကဆီကိုနိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်နိုင်သဖြင့် အာဏာပိုင်များက အမြင့်ဆုံးသတိပေးချက် ထုတ်ပြန်ထားကြောင်း ဇူလိုင် ၂၁ရက်က သတင်းထုတ်ပြန်သည်။ ၎င်းဟာရီကိန်းမုန်တိုင်းကြောင့် မက္ကဆီကိုတောင်ပိုင်းဒေသများဖြစ်သည့် ဂွီရီရို၊ အော်ဆာကာနှင့် ချီယာပက်စ် ပြည်နယ်များတွင် အိမ်များပျက်စီးမှုနှင့် ရေလွှမ်းမှုများ ဖြစ်ပေါ်နိုင်ကြောင်း မက္ကဆီကို အမျိုးသားမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ထားသည်။

ထုတ်ပြန်ထား

ဒိုရာဟာရီကိန်းမုန်တိုင်းသည် မက္ကဆီကိုနိုင်ငံ ဂွီရီရိုပြည်နယ်၊ အနောက်တောင်ပိုင်း ကီလိုမီတာ၃၀၀ခန့် အကွာရှိ ကမ်းခြေသို့ တစ်နာရီလျှင် ၂၁၅ကီလိုမီတာနှုန်းဖြင့် ဇူလိုင် ၂၂ ရက် ညနေ ၅နာရီခန့်တွင် ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း အမေရိကန် မီရာမီအခြေစိုက်အမျိုးသားဟာရီကိန်းဌာနက သတင်းထုတ်ပြန်ထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ချီလီတောင်ပိုင်း၌ ဆီးနှင်းများ ထူထပ်စွာကျဆင်း

ဆန်တီရာဂို ဇူလိုင် ၂၁

ချီလီနိုင်ငံ တောင်ပိုင်းခရိုင် ရှစ်ခုတို့တွင် ဇူလိုင်၂၀ရက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေသဖြင့် သဘာဝဘေးကြုံတွေ့ရသည့် ဒေသများအဖြစ်အရေးပေါ် သတင်းထုတ်ပြန်ခဲ့ရကြောင်း ချီလီအရာရှိများက ဇူလိုင်၂၁ ရက်၌ ပြောကြားသည်။ **(ယာပုံ)**

ဆီးနှင်း ထူထပ်စွာ ကျဆင်းမှုကြောင့် လွန်ဂွီမေ၊ ကုရာကာတင် စသည့်ခရိုင်များတွင် လမ်းများပေါ်၌ ဆီးနှင်းများဖြင့် ပိတ်လျက်ရှိပြီး ဒေသခံ ၆၅၀၀ခန့် ဘေးဒုက္ခကြုံတွေ့နေရလျက်ရှိသည်။ တစ်ဖန်ဓာတ်အားပြတ်တောက်မှုများနှင့်လည်း ကြုံတွေ့နေရသည်။

ထောက်ပံ့ဖြည့်ဆည်း

၎င်းဒေသများသို့ ကယ်ဆယ်ရေးအဖွဲ့များစေလွှတ်၍ အကူအညီပေးလျက်ရှိပြီး ရဟတ်ယာဉ်များအသုံးပြုကာ ခရီးသွားလာရေးအစဉ်ပြေစေရန် ထောက်ပံ့ဖြည့်ဆည်းပေးရလျက်ရှိသည့်အပြင် အစားအစာများလည်း ပေးပို့နေရကြောင်း ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

ဆော်လမွန်ကျွန်း၌ အင်အားပြင်းငလျင်လှုပ်

နယူးယောက် ဇူလိုင် ၂၁

ဆော်လမွန်ကျွန်းနိုင်ငံတွင် ဇူလိုင် ၂၀ရက်က ရစ်ချ်စတာစကေး ၆ ဒသမ ၂ ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ငလျင်လှုပ်သည့်နေရာမှာ အရှေ့လောင်ဂျီတွဒ် ၁၆၂ ဒသမ ၁၄၉၈ ဒီဂရီနှင့် တောင်လတ္တီတွဒ် ၁၀ ဒသမ ၃၄၀၃ ဒီဂရီအကြား မြေပြင်အနက် ၅၄ ဒသမ ၅၀ ကီလိုမီတာ၌ ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆူနာမီသတိပေးချက်ထုတ်ပြန်ခြင်းမရှိကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနမှ ဇူလိုင် ၂၁ရက်၌ သတင်းထုတ်ပြန်သည်။ *(အင်တာနက်)*

နိုင်ငံတကာအားကစား

ဘယ်လ်ဂျီယံ တိုက်စစ်မှူး လူကာလူ ချယ်လ်ဆီးခေါ်ယူမည်

လန်ဒန် ဇူလိုင် ၂၁

ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်အသင်းမှ ဆယ်ကျော်သက် တိုက်စစ်မှူး ရိုမီလူလူကာလူ (အပေါ်ပုံ) အား ချယ်လ်ဆီးအသင်းက ပြောင်းရွှေ့ကြေးပေါင် ၁၈ သန်းဖြင့် ခေါ်ယူမည်ဖြစ်ကြောင်း ချယ်လ်ဆီးကလပ်က ဇူလိုင် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

သွင်းယူ

အသက် ၁၈ နှစ်အရွယ်ရှိ လူကာလူအား အာဆင်နယ်၊ မန်စီးတီးနှင့် စပါးတို့ကလည်းခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။ လူကာလူသည် ဘယ်လ်ဂျီယံ ဘောလုံးအသင်းအတွက် ၁၀ ပွဲကစားပေးထားပြီး နှစ်ဂိုးသွင်းယူပေးထားသူဖြစ်သည်။

အရပ်မြောက်ပေ လေးလက်မမြင့်သော လူကာလူအား ချယ်လ်ဆီးအသင်း အနေဖြင့် ဒရော့ဘာနေရာတွင် အစားထိုးရန်စီစဉ်နေခြင်းဖြစ်သည်။ လူကာလူသည် အန်ဒါလက်ချ်အသင်းအတွက် ၂၀၀၉-၂၀၁၀ ဘောလုံးရာသီတွင် ၁၅ ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ဂျူပီလာလိဂ်ဖလားရယူပေးနိုင်ခဲ့သည်။ *(အင်တာနက်)*

ပရီမီယာလိဂ်ကလပ် ဘလက်ဘန်းအသင်း အိန္ဒိယခြေစမ်းပွဲ ခရီးစဉ်ရွှေ့ဆိုင်း

လန်ဒန် ဇူလိုင် ၂၁

ပရီမီယာလိဂ်ကလပ် ဘလက်ဘန်းအသင်းသည် ရာသီကြိုခြေစမ်းပွဲအဖြစ် အိန္ဒိယနိုင်ငံသို့ လာရောက်ကစားရန် စီစဉ်ထားသော်လည်း ပြီးခဲ့သည့်သီတင်းပတ်က မွမ်ဘိုင်းမြို့တွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်များကြောင့် ခရီးစဉ်ကို ရွှေ့ဆိုင်းလိုက်ကြောင်း ၎င်းကလပ်က ဇူလိုင် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

စီစဉ်မည်

ဘလက်ဘန်းအသင်းသည် ယခုခြေစမ်းပွဲခရီးစဉ်ကို ဖျက်သိမ်းခြင်းမဟုတ်ကြောင်း၊ လာမည့် အောက်တိုဘာလအတွင်း အိန္ဒိယနိုင်ငံသို့ ချစ်ကြည်ရေးခြေစမ်းပွဲကစားရန် စီစဉ်မည်ဖြစ်ကြောင်း၊ ယခုရက်များအတွင်း အခြားပြည်ပခြေစမ်းပွဲ အစီအစဉ်များရှိနေ၍ဖြစ်ကြောင်း ဘလက်ဘန်းအသင်းတာဝန်ရှိသူများက ပြောကြားသည်။ ဘလက်ဘန်းအသင်း အိန္ဒိယသို့လာရောက်ကစားဖြစ်ပါက ပရီမီယာလိဂ်အသင်းများအနက် ပထမဆုံးလာရောက်ကစားသည့်အသင်း ဖြစ်လာမည်ဖြစ်သည်။ *(အင်တာနက်)*

တီဗက်ဇ်အားခေါ်ယူမှု ကိုရင်သီယန်အသင်း ပြန်လည်ရုပ်သိမ်း

လန်ဒန် ဇူလိုင် ၂၁

*မန်စီးတီးတိုက်စစ်မှူးတီဗက်ဇ် **(ယာပုံ)**အား ဘရာဇီးကလပ် ကိုရင်သီယန်အသင်းက ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ ခန့်ဖြင့် ခေါ်ယူရန်ကမ်းလှမ်းမှုကိုရုပ်သိမ်းသွားရာ ယခုအခါတီဗက်ဇ်သည် မန်စီးတီးအသင်းနှင့် လေ့ကျင့်မှုများပြန်လည်ပြုလုပ်နေပြီဖြစ်သည်။*

စီစဉ်ထား

အသက် ၂၇နှစ်အရွယ်ရှိတီဗက်ဇ် အသင်းမှထွက်ခွာလျှင် အစားထိုးရန် မန်စီးတီးအသင်းက အက်သလက်တီကိုအသင်းမှ အဂွီရိုအား ပေါင်သန်း ၃၀ ဖြင့် ခေါ်ယူထားသည်။ ထို့ကြောင့် တီဗက်ဇ်အား ရောင်းချရန်အတွက် စီးရီးအေကလပ် အင်တာမီလန်၏ ကမ်းလှမ်းမှုကို မန်စီးတီးကလပ်က ပြောင်းရွှေ့ကြေး ပေါင်သန်း ၅၀ဖြင့် ဈေးခေါ်ထားပြီဖြစ်သည်။ အင်တာမီလန်ကလပ်က တီဗက်ဇ်၏ပြောင်းရွှေ့ကြေးကို ပေါင် ၃၅ သန်းခန့်ပေးရန် စီစဉ်ထားကြောင်းသိရသည်။ ***(အင်တာနက်)***

မောင်မောင်မြင့်ဆွေ– စုစည်းသည်



ဒဗလျူဘီစီ၏ စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ ဖရော့ချ်နှင့် အင်ဒရီဝပ်ဒ်တို့ ထိုးသတ်မည်

လန်ဒန် ဇူလိုင် ၂၁

ဗြိတိန်လက်ဝှေ့သမား ကားလ်ဖရော့ချ်(အပေါ်ပုံ)သည် ကမ္ဘာ့လက်ဝှေ့ကောင်စီ၏ စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံကာကွယ်ပွဲအဖြစ် အင်ဒရီဝပ်ဒ်နှင့် လာမည့် အောက်တိုဘာ ၂၉ ရက်၌ ထိုးသတ်ကြမည်ဖြစ်သည်။

ယုံကြည်ထား

ဗြိတိန်နိုင်ငံ နော့တင်ဟမ်မြို့သား ကားလ်ဖရော့ချ်သည် ပြီးခဲ့သည့်ဇွန်လက ဂရင်းဗျူန်ဆင်ကို အနိုင်ရအောင် ထိုးသတ်နိုင်ခဲ့သည်။ အသက် ၃၄ နှစ်အရွယ်ရှိ ကားလ်ဖရော့ချ်သည် ၎င်း၏ ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်မည်ဟု ယုံကြည်ထားသည်။

ပွဲသိမ်းနိုင်

သို့သော် အင်ဒရီဝပ်ဒ်သည် အသက် ၂၇ နှစ်အရွယ်သာရှိသေးပြီး ၂၀၀၄ ခုနှစ် အိုလံပစ်ရွှေခါးပတ်ချန်ပီယံတစ်ဦးလည်းဖြစ်ရာ ငယ်ရွယ်ဖျတ်လတ်သော ပြိုင်ဘက်အား ကားလ်ဖရော့ချ်အလွယ်တကူ အနိုင်ရဖွယ်မရှိကြောင်း သုံးသပ်လျက်ရှိသည်။ ကားလ်ဖရော့ချ်ကမူ မိမိ၏အားပါပြင်းထန်သော ဖျတ်လက်သီးများဖြင့် ပွဲသိမ်းနိုင်မည်ဖြစ်ကြောင်း ယုံကြည်ထားသည်။ *(အင်တာနက်)*

ပုဂံဟိုတယ်ဇုန်၌ ဟိုတယ်ဆိုင်ရာသင်တန်းဖွင့်လှစ်မည့်နေရာများ ဒုတိယဝန်ကြီး ဦးဌေးအောင် လှည့်လည်စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၁

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Chatrium ဟိုတယ်၌ မဟာမဲခေါင်ဒေသခွဲ ခရီးသွားလုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပရန်အတွက် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဘုတ်အဖွဲ့မှ အမှုဆောင်များနှင့် အကြိုညှိနှိုင်းအစည်းအဝေးကျင်းပပြီး မွန်းလွဲပိုင်းတွင် Panda ဟိုတယ်၌ ပုဂ္ဂလိက ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ လုပ်ငန်းရှင်များ၊ အထွေထွေ မန်နေဂျာများနှင့် မြန်မာနိုင်ငံခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားဈေးကွက်မြှင့်တင်ရေးနှင့် ခရီးသည်များအား စနစ်တကျလှည့်လည်ပြသရေးတို့အတွက် ညှိနှိုင်းဆွေးနွေး မှာကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၇ရက် ညနေပိုင်းတွင် ပုဂံဟိုတယ်ဇုန် ဥက္ကာ၌ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညောင်ဦးလေဆိပ်ညှော်ကြိုခန်းမ၊ နန်းမြင့်မျှော်စင်နှင့် ဟိုတယ်သင်တန်းဖွင့်လှစ်မည့် ဟိုတယ်များကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဒုတိယဝန်ကြီးသည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် ဧရာဟိုတယ် အစည်းအဝေးခန်းမ၌ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဟိုတယ်လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ခရီးစဉ်ဒေသ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ဆွဲဆောင်မှုနေရာအသစ်များ ရှာဖွေဖော်ထုတ်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကား ပြောကြား

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ဧရာဟိုတယ်အစည်းအဝေးခန်းမ၌ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဟိုတယ်လုပ်ငန်းရှင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ကွင်းဆင်းပေးအပ်

ဇူလိုင် ၁၀ရက်က ရေဖြူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညွန့်ဦးနှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်များရှိ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းပေးအပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ငါးဖမ်းကျေးရွာအစုအဖွဲ့ ဖွဲ့စည်းရေး မော်လမြိုင်ကျွန်း၌ ဆွေးနွေး

မော်လမြိုင်ကျွန်း ဇူလိုင် ၂၁

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ကာ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် ငါးသလောက်မျှောပိုက်လုပ်ကိုင်သူများ၏ ငါးဖမ်းကျေးရွာအစုအဖွဲ့ ဖွဲ့စည်းရေးဆွေးနွေးပွဲနှင့် ငါးလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၂ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းကျေးရွာဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်အေးက ငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးသည်။ **(အောက်ပုံ)**

ဆောင်ရွက်ကြ

အဆိုပါ အခမ်းအနားတွင် မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းခြံချောင်းကျေးရွာ ငါးဖမ်းကျေးရွာအစုအဖွဲ့ကို ငါးသလောက်မျှောပိုက် ရေလုပ်သား ၃၀ ဖြင့် ဖွဲ့စည်းခဲ့ပြီး ရေလုပ်သားများ၏ လူမှုစီးပွားရေးဘဝမြှင့်မားတိုးတက်လာစေရေးအတွက် ငါးထုတ်လုပ်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ကြမည်ဟု သိရှိရသည်။ **(ဖဇ်၅)**

ဝါသီးနှံအထွက်နှုန်းမြင့်မားရေး မုံရွာ၌ ပညာပေးသင်တန်းဖွင့်

မုံရွာ ဇူလိုင် ၂၁

မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန(ရုံးချုပ်)က ကြီးမှူးကျင်းပသည့် ဝါသီးနှံအထွက်နှုန်းမြင့်မားစွာရရှိရေး ပညာပေးသင်တန်းဖွင့်ပွဲကို ဇွန် ၁၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဝါနှင့်ပိုးချည် လုပ်ငန်းဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဝါနှင့်ပိုးချည်လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဒေါ်မြခင်၊ တိုင်းဒေသကြီးမန်နေဂျာ ဦးကျော့ဝင်းနှင့် ခရိုင်စီမံကိန်းဦးစီးမှူး ဦးကံရှိန်တို့က သင်တန်းဖွင့်အမှာစကားပြောကြားကြပြီး ဝါသီးနှံအထွက်နှုန်းမြင့်မားစွာရရှိရေးအတွက် မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်တို့မှ တက်ရောက်လာကြသော သင်တန်းသားများအား ဟောပြောဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(အပေါ်ပုံ) (မြန်မာ့အလင်း)

ဇူလိုင် ၁၀ရက်က အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦး၊ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာ ဦးစိုးနိုင်နှင့် ဝန်ထမ်းများ စည်ပင်သာယာရေးကြီးကြပ်မှုအဖွဲ့အောက်ရှိ ဝက်သားသတ်ရုံများသို့သွားရောက်၍ အသားထုတ်လုပ်မည့် ဝက်များအား ဝက်နားရွက်ပြာရောဂါ ရှိ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၁

ပုသိမ်မြို့ ဇျိုက်ကုန်းနှင့် ဇင်ပြွန်းကုန်းကျေးရွာအုပ်စုတို့၌ စာကြည့်တိုက်ဖွင့်ပွဲများ ကျင်းပ

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဇျိုက်ကုန်းကျေးရွာ မြတ်ရတနာစာကြည့်တိုက်ဖွင့်ပွဲကို ဇျိုက်ကုန်းကျေးရွာမြတ်ရတနာစာကြည့်တိုက်တွင် နံနက် ၇ နာရီက ကျင်းပရာ ရှေးဦးစွာ စာကြည့်တိုက်အဆောက်အအုံကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစည်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်သန်း၊ စာရေးဆရာ ပုသိမ်ရန်နောင်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စာအုပ်စာစောင်နှင့် အလှူငွေများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။ ဆက်လက်၍ နံနက် ၁၀ နာရီတွင် ပုသိမ်မြို့နယ် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု ပညာတံခွန်စာကြည့်တိုက် (အပေါ်ပုံ) ဖွင့်ပွဲကို ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပါစည်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နုနုရီနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ အလှူရှင်များက စာအုပ်စာစောင်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မူဆယ်မြို့ မော(ဝ်)နေခြည်စာကြည့်တိုက်အတွက် သုတရသစာအုပ်များ လှူဒါန်း

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ မော(ဝ်)နေခြည် စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံလမ်းရှိ စီးတီးစတားဟိုတယ် ပထမထပ်၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် အလှူရှင် ရန်ကုန်မြို့ လင်းလွန်းခင်စာပေမှ ဦးသိန်းလှိုင်က သုတရသစာအုပ်များ လှူဒါန်းရာ မူဆယ်မြို့ မော(ဝ်) နေခြည် စာကြည့်တိုက် ကော်မတီဝင်များက လက်ခံယူကြသည်။ အလားတူ မော(ဝ်) နေခြည်စာကြည့်တိုက်အတွက် စာရေးဆရာများကလည်း သုတ ရသ စာအုပ်များ လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၁၄၃)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရူပဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲကျင်းပရန် တွေ့ဆုံပွဲဖိတ်ကြားခြင်း

ရန်ကုန်တက္ကသိုလ် ရူပဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၉၁-၁၉၉၄)၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းလိုပါ၍ ၃၀-၇-၂၀၁၁ရက် (စနေနေ့) မွန်းလွဲ ၂နာရီမှ ညနေ ၄ နာရီအထိ M-3 စားသောက်ဆိုင်သို့ သူငယ်ချင်းများအားလုံး မပျက်မကွက် လာရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ဒေါက်တာဇော်လင်းသူ	ဖုန်း-၀၉-၅၀၀၆၀၂၄	မီမီကျော်	ဖုန်း-၀၉-၅၀၀၄၃၅၄
ဆန်းလင်း	ဖုန်း-၀၉-၅၀၁၁၀၉၇	မေသွယ်ဦး	ဖုန်း-၀၉-၅၁၆၄၇၇၈
အိအိ	ဖုန်း-၀၉-၅၀၅၄၈၀၀	အောင်ဇော်မိုး	ဖုန်း-၀၉-၅၁၇၉၉၃၁
သူရဝင်း	ဖုန်း-၀၉-၇၃၁၄၄၀၇၀	ညီညီလွင်	ဖုန်း-၀၉-၅၅၀၁၁၇၃



မွေးသက္ကရာဇ်မှန်၊ ဖခင်အမည်မှန်

လှိုင်သာယာ အထက(၄) Grade-11(B) မှ မဘောက်ရာ၏ မွေးသက္ကရာဇ်မှန်မှာ ၁၀-၂-၁၉၉၀ နှင့် ဖခင်၏အမည်မှန်မှာ ဦးအောင်ခမ်း ဖြစ်ပါသည်။

အမည်ပြောင်း

ဦးသောင်းဝင်း ၁၂/ဥကတ(နိုင်) ဝ၃၆၁၁၀၏သမီး တောင်ဥက္ကလာပ အထက (၂) Grade-11 (B) မှ မအေးပယ်အား မပေရယ်ဟု ပြောင်းလဲခေါ်ပါရန်။ **မပေရယ်**

ခြံရောင်းမည်(ပဲခူးမြို့)

ပဲခူး Toll Gate နှင့် ပဲခူး တက္ကသိုလ်ကြား ရန်ကုန်-ပဲခူး ကားလမ်းပေါ် မျက်နှာစာ ၁၃၁ ပေ × ပေ ၂၆၀၊ ဥဿာ မြို့သစ်(ဂရန်မြေ)။ **ရောင်းဈေး ကျပ်သိန်း ၁၂၅၀ (ပွဲစားမလို)** ဖုန်း ၀၉-၄၈၈၉၉၄၆၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကိုကိုဝင်း CDC - 59591 ၏ TF လက်မှတ် (TF-11470/04) သည် ခရီးသွားရင်း ပျောက်သွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ ဖုန်း-၀၉-၅၄၁၅၅၁၂

မိဘအမည်မှန်

အထက မြစ်သား၊ တက္ကသိုလ်ဝင်တန်း(က)မှ မသဉ္ဇာလွင်၏ မိဘအမည်မှန်မှာ ဦးစိန်လင်း ၉/မသန(နိုင်) ၀၆၆၇၅၆နှင့် ဒေါ်စောလှိုင် ၉/ဝတန (နိုင်)၀၆၆၇၂၇ ဖြစ်ပါသည်။

အမည်ပြောင်း

ဦးနိုင်နိုင်ကျော်၏သမီး အထက (၄) လှိုင်သာယာ Grade-8 (B) မှ မမိုဟွမ်ခမ်းအား မအေးသီရိအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မအေးသီရိအောင်**

ရွှေတောင်မြို့နယ်အသင်း (ရန်ကုန်) စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၁

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ စုပေါင်းလှူဒါန်းပွဲကို ၁၃၇၃ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက် ၂၀၁၁ ခုနှစ် ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် စမ်းချောင်းမြို့နယ် ကျောင်းလမ်းရှိ ဗုဒ္ဓဂယာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ရွှေတောင်မြို့သူမြို့သားများ အားလုံးနှင့် အသင်းသူ အသင်းသားများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နိုင်ငံတကာဂီတ

ကမ္ဘာကျော် Take That တေးဂီတ ဝင်ငွေ အံ့မခန်း စံချိန်တင်ရရှိ

လန်ဒန် ဇူလိုင် ၂၁

*ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ခုဖြစ်တဲ့ Take That တေးဂီတအဖွဲ့**(အပေါ်ပုံ)**ဟာ အင်္ဂလန်မှာရှိတဲ့ ဝင်ဘလေအားကစားကွင်းကြီးမှာ ဇွန်နှင့် ဇူလိုင်လအတွင်း ကိုးညသီဆိုဖျော်ဖြေခဲ့ရာမှ ဝင်ငွေပေါင် ၃၈ သန်း စံချိန်တင်ရရှိခဲ့တယ်လို့ Billboard Boxscore စာရင်းမှာ ဖော်ပြထားပါတယ်။*

အရင်တုန်းကတော့ Bruce Springsteen ဆိုတဲ့ ကမ္ဘာကျော်တေးဂီတအဖွဲ့ဟာ ၂၀၀၃ ခုနှစ်က နယူးဂျာစီမြို့ရဲ့ Giants Stadium ကွင်းကြီးမှာ ၁၀ ည သီဆိုဖျော်ဖြေခဲ့ရာမှာ ဝင်ငွေ ပေါင် ၂၄ သန်းပဲ ရတယ်လို့သိရပါတယ်။ Take That တေးဂီတအဖွဲ့ဟာ ပြီးခဲ့တဲ့လတုန်းက မန်ချက်စတာစီးတီး အားကစားကွင်းကြီးမှာ သူတို့ရဲ့ ရှစ်ညမြောက်ဖျော်ဖြေတင်ဆက်ရာ ပရိသတ်တွေ ဝက်ဝက်ကွဲ အောင် အားပေးခဲ့ကြတယ်လို့ သိရပါတယ်။

ဒီကမ္ဘာကျော်တေးဂီတအဖွဲ့ဟာ ယခုနှစ်ရာသီအတွင်း ၂၉ ပွဲ သီဆိုခဲ့ရာမှာ စုစုပေါင်း အသားတင်ဝင်ငွေ ပေါင် ၁၁၄ သန်းအထိ ဝင်ငွေတွေ အများအပြားရခဲ့ပါတယ်။ ဒီ ၂၉ ပွဲမှာ ပရိသတ်နှစ်သန်းနီးပါး ဝင်ရောက်ကြည့်ရှုခဲ့ပါတယ်။ ဝင်ဘလေမှာ ရှစ်ညသီဆိုခဲ့ရာမှာတော့ စုစုပေါင်း ပရိသတ် ၆၂၇၃၇ ဦး လာရောက်အားပေးကြည့်ရှုခဲ့တယ်လို့ သိရပါတယ်။ ၂၀၀၃ ခုနှစ်က Bruce Springstreen တေးဂီတအဖွဲ့ ၁၀ ညတိုင်တိုင်သီဆိုခဲ့ရာမှာတော့ ပရိသတ်ဝင်ရောက်မှု ၅၆၆၅၆၀ ပဲ ရှိခဲ့ပါတယ်။

Take That တေးဂီတအဖွဲ့ကို ပရိသတ်တွေအံ့မခန်းအားပေးနေတာ အကြောင်းတစ်ခုတော့ရှိပါတယ်။ အဓိကအားဖြင့်တော့ ကမ္ဘာကျော်အဆိုတော်ကြီး ရော်ဘီဝီလျံ (Robbie Williams) ကြောင့်ပါ။ သူဟာ ၂၀၁၀ ခုနှစ်အတွင်းမှာ Angels နဲ့ Rock DJ တေးအယ်လ်ဘမ်တွေအပါအဝင် လူကြိုက်များတဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်တွေ အဲဒီတေးဂီတအဖွဲ့ကနေ ထွက်ခဲ့ပါတယ်။ သူ့ရဲ့ သီဆိုပုံ သီဆိုဟန်တွေနဲ့ အဆွဲအငင်၊ အရှိုက်၊ အတော့ အကျော့တွေကြောင့် ပရိသတ်တွေကို စွဲငြိစေခဲ့တာ ဖြစ်ပါတယ်။ ***ကိုးကား-အင်တာနက်***

ပေါ့ပ်အဆိုတော် ရေဘက္ကာဘလက် Moment အမည်ရှိ တေးအယ်လ်ဘမ်သစ်ထွက်ရှိ

မြင့်မောင်စိုး စုစည်းသည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၁

လူသာငယ်ပေမယ့် ကျော်ကြားမှုကတော့စူပါ့စူပါပါပဲ။ သူမနာမည်ကတော့ ရေဘက္ကာဘလက် (Rebecca Black) တဲ့။ အသက်က ၁၄ နှစ်ပဲရှိပါတယ်။ အမေရိကန် ပေါ့ပ်အဆိုတော်ပါ။ သူ့ကို Ark Music တေးထုတ်လုပ်ရေးက စင်တင်မြေတောင်မြှောက်ပေးလိုက်ပြီးတဲ့နောက် ကမ္ဘာကျော်ဖြစ်လာတဲ့ စူပါစတားအဆိုတော်လေးပါ။ **(အောက်ပုံ)**



ရေဘက္ကာဘလက်ကို Ark Music တေးထုတ်လုပ်ရေးက Friday လို့ အမည်ရတဲ့ တေးအယ်လ်ဘမ်ကို ယူကျု (You Tube) ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်လွှင့်ပေးခဲ့ရာမှ ကမ္ဘာတစ်ဝန်း လူငယ်ပရိသတ်တွေအကြား ရေပန်းစားခဲ့ပါတယ်။

စွဲငြိစေ

သူ့ရဲ့မြူးမြူးကြွကြွသီဆိုပုံ ဟန်ပန်တွေဟာ လူငယ်ပရိသတ်တွေကို စွဲငြိစေခဲ့ပါတယ်။ သူမရဲ့ Friday လို့အမည်ရတဲ့ တေးအယ်လ်ဘမ်ကို ပြီးခဲ့တဲ့ ဇွန်လက ထုတ်လွှင့်ခဲ့ရာမှာ ကမ္ဘာတစ်ဝန်း သူမရဲ့ ဝက်ဘ်ဆိုက်ကိုဖွင့်ကြည့်သူ စုစုပေါင်း သန်း ၁၆၀ ကျော်ရှိခဲ့တယ်လို့ဆိုပါတယ်။ တကယ့်ကို အံ့မခန်းကျော်ကြားလာတဲ့ လူငယ်အဆိုတော်လေးပါပဲ။

ပရိသတ်ငါးသန်းရှိ

ယခုတစ်ဖန် အဆိုတော် ရေဘက္ကာဘလက်က My Moment လို့ အမည်ရတဲ့ ဒုတိယတေးအယ်လ်ဘမ်သစ်ကို ဇူလိုင် ၁၈ ရက်က You Tube ဝက်ဘ်ဆိုက်မှတစ်ဆင့် ထုတ်လွှင့်ခဲ့ပါတယ်။ စတင်လွှင့်တင်တဲ့ နှစ်ရက်အတွင်းမှာ သူမရဲ့ဝက်ဘ်ဆိုက်ထဲ ဝင်ကြည့်တဲ့ ကမ္ဘာတစ်ဝန်းက ပရိသတ်အရေအတွက်ဟာ ငါးသန်းရှိတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီကနေ့ You Tube ဝက်ဘ်ဆိုက်မှာ ဝင်ရောက်ကြည့်ရှုမှုအများဆုံး Most Watched Today မှာ ရေဘက္ကာဘလက်ရဲ့ Moment ဝက်ဘ်ဆိုက်ဖြစ်သလို ယခုသီတင်းပတ်ကြည့်ရှုမှုအများဆုံး Most Watched This Week ဟာလည်း သူမရဲ့ ဝက်ဘ်ဆိုက်ဖြစ်တယ်လို့ You Tube ကပြောပါတယ်။ သူမရဲ့ အရင်တစ်ပတ်က ကြည့်ရှုမှုအများဆုံးဝက်ဘ်ဆိုက်ဟာ အဆိုတော် ဒီမီလိုဗာတို (Demi Lovato) ရဲ့ Skyscraper တေးအယ်လ်ဘမ် ဝက်ဘ်ဆိုက်ဖြစ်ပြီး ကြည့်ရှုသူပရိသတ် သုံးသန်းသာရှိခဲ့ပါတယ်။

ဒါကြောင့်မို့ အဆိုတော် ရေဘက္ကာဘလက်ဟာ အင်တာနက် ဝက်ဘ်ဆိုက်မှတစ်ဆင့် ကမ္ဘာကျော်အဆိုတော်ဖြစ်လာခဲ့ပါပြီ။ သူမဟာလည်း You Tube မှတစ်ဆင့် အောင်မြင်ကျော်ကြားလာတဲ့ ကနေဒါလူငယ်အဆိုတော် ဂျပ်စတင်းဘိုင်ဘာ လိုပါပဲ။ ဒါကြောင့်မို့ ဂီတကိုချစ်မြတ်နိုးသူ ပရိသတ်အပေါင်းတို့အား အဆိုတော် ရေဘက္ကာဘလက်ရဲ့ တေးအယ်လ်ဘမ်သစ် Moment ကို You Tube ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပြီဖြစ်တဲ့ အကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။ ။ **ကိုးကား-အင်တာနက်**

မူးယစ်ဆေးဆိုတာ ကြောက်စရာကောင်းကြောင်း လေဒီဂါဂါ ဖွင့်ဟ

လော့စ်အိန်ဂျလိစ် ဇူလိုင် ၂၁

အမေရိကန် ပေါ့ပ်အဆိုတော် လေဒီဂါဂါဟာ အခန်းထဲမှာတစ်ယောက်တည်း ကိုကင်းသုံးစွဲမိကြောင်း ယူအက်စ်အေရေဒီယိုကို ပြောကြားလိုက်ပါတယ်။ ဒီအတွက် လေဒီဂါဂါဟာ နောင်တကြီးစွာရမိကြောင်းကိုလည်း သူမကပြောပါတယ်။ ***(ယာပုံ)***

တကယ်တော့ ကိုကင်းလို့ခေါ်တဲ့ မူးယစ်ဆေးဝါးဟာ လူသားအားလုံးကို ခြိမ်းခြောက်နေတဲ့ အန္တရာယ်ဆိုးကြီးတစ်ခုဖြစ်တယ်လို့ အဆိုတော်လေဒီဂါဂါက သူမပရိသတ်တွေကို သတိပေးလိုက်ပါတယ်။ ဒါကြောင့် အဆိုတော်လေဒီဂါဂါက သူမရဲ့ အခန်းထဲမှာ မူးယစ်ဆေးဝါးသုံးစွဲမိလို့ နောင်တတစ်ဖန် ရမိတဲ့အကြောင်း I Regret Every Line Ever Did လို့ တေးတစ်ပုဒ်ကို ရေးစပ်သီကုံးခဲ့ပါတယ်။

တကယ်တော့ မူးယစ်ဆေးဝါးဟာ မြည်းကြည့်၊ စမ်းကြည့်၊ ထိကြည့်လို့ကောင်းတဲ့ အရာမဟုတ်ပါဘူး။ တကယ့်ကို ဆိုးရွားတဲ့၊ ကြောက်စရာကောင်းတဲ့ အရာပါပဲလို့ လေဒီဂါဂါက ထပ်လောင်းသတိပေးပြောကြားလိုက်ပါတယ်။ **(အင်တာနက်)**

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ကျောင်းနေ ဝါဆိုသံဃာတော်များနှင့် ပင့်သံဃာတော်များ စုစုပေါင်းအပါး(၃၀)တို့အား ဂေါပကအလုပ်အမှုဆောင်အဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ (၁၅)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၇၃ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ရက်) ၂၅-၇-၂၀၁၁ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကုသိုလ်ပါဝင်လှူဒါန်းလိုသူများသည် ဖုန်း- ၅၄၄၇၀၂၊ ၅၄၄၁၇၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

သီတဂူရွှေမြည်ဟိန်း ဓမ္မဥါနဆေးရုံ နားနေဆောင်ပါဝင်လှူဒါန်းနိုင်

[illegible]

ပေါက်မြို့နယ်အသင်းဖွဲ့စည်းရေး ဆွေးနွေးပွဲဖိတ်ကြားခြင်း

နေ့ရက်။ ။ ၂၄-၇-၂၀၁၁ ရက် (တနင်္ဂနွေနေ့)
မွန်းလွဲ ၁ နာရီ

နေရာ ။ ။ ဦးဝိမလ(မူလကမ္ဘာအေးလေးကျောင်း- ရွှေတိဂုံဘုရားမြောက်ဘက်)
ဖုန်း-၀၁-၃၈၂၂၈၆

ဖြစ်မြောက်ရေးကော်မတီ

ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

ပဲခူး ဇူလိုင် ၂၁

ပဲခူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းမ၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၃၀ ရက်ကကျင်းပရာ ရှေးဦးစွာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးမင်းသော်တာ(ငြိမ်း)က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူ ၁၇၂ ဦးအား အမှုဆောင်များဖြစ်ကြသော ဗိုလ်ကြီးမင်းသော်တာ(ငြိမ်း) ဥက္ကဋ္ဌ၊ ဗိုလ်ကြီးသန်းထွန်း(ငြိမ်း) အတွင်းရေးမှူးနှင့် ဗိုလ်ကြီးအောင်အောင်မိုး (ငြိမ်း) ဘဏ္ဍာရေးမှူးတို့က ပညာသင်စရိတ် ထောက်ပံ့ငွေစုစုပေါင်း ၈၈၁၀၀၀ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(၁၂၁)**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့ မင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဇွန် ၂၅ ရက်က အငယ်တန်းအင်ဂျင်နီယာ-၃ ဦးအေးချမ်း ဆောင်ရွက်လျက်ရှိရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်၊ ဦးစီးအရာရှိ ဦးသိန်းကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမော်လွင်တို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်း ထွေထွေ

ဇူလိုင် ၅ ရက်က မုဒုံမြို့မ (၂) ရပ်ကွက် သိမ်ကျောင်းရပ်နေ ဦးတင်ရွှေ မိသားစုက ငွေပဒေသာပင်အတွက် အလှူငွေများကို မုဒုံမြို့ ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးပိုးရီထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

လုပ်ငန်းစွမ်းရည်မြှင့် သင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို မေ ၃၁ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထိန်စိုး တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

<u>ကြာမြင့်မည်</u>

အဆိုပါ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ **(၀၀၁)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် "နဝမအကြိမ် ဆေးပညာသင်ကြားရေးနှီးနှောဖလှယ်ပွဲ" ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘွဲ့လွန်၊ ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ် ဆေးပညာသင်ကြားရေး ခေတ်နှင့်အညီပြောင်းလဲပြုပြင်

နေပြည်တော် ဇူလိုင် ၂၁

တိုးတက်လာသော ဆေးပညာရပ်များနှင့်အညီ ခေတ်မီနည်းပညာများကို စနစ်တကျအသုံးပြု၍ အရည်အသွေးမြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ရန်အတွက် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအားစုများအား လေ့ကျင့်မွေးထုတ်ပေးရေးသည် အလွန်အရေးပါကြောင်း။

ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ အလုံအလောက် လေ့ကျင့်မွေးထုတ်ပေးနိုင်ရန် တက္ကသိုလ်အသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်း၊ တည်ဆောက်ပေးခြင်းတို့အပြင် ၂၀၀၁ ခုနှစ်မှစ၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးပညာနှင့် ဆေးပညာနှီးနွယ်တက္ကသိုလ်များတွင် သင်တန်းသားများအား တိုးမြှင့်လက်ခံလေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။ *စာမျက်နှာ ၄ ကော်လံ ၃* ◆

အတ္တလန္တစ်လွန်းပြန်ယာဉ် အောင်မြင်စွာဆင်းသက် နှစ် ၃၀ ကြာ လွန်းပြန်ယာဉ် အစီအစဉ် ပြီးဆုံး

သတင်းမှတ်စု - တိုးရေးသားသည်

နာဆာ ဇူလိုင် ၂၁

အမေရိကန် အတ္တလန္တစ် အာကာသလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ် (အိုင်အက်စ်အက်စ်)မှ ဇူလိုင် ၁၉ ရက် (အင်္ဂါနေ့)က ကမ္ဘာမြေသို့ ပြန်လာခဲ့ပြီး ဇူလိုင် ၂၁ ရက် (ကြာသပတေးနေ့) တွင် အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်း(ကေအက်စ်စီ)သို့ အောင်မြင်စွာ ဆင်းသက်နိုင်ခဲ့သည်။ **(အောက်ပုံ)**

အတ္တလန္တစ်အာကာသလွန်းပြန်ယာဉ်မှူး ခရစ်ဖာဂူဆန်က အိုင်အက်စ်အက်စ်၌ ကျန်ရစ်သည့် အာကာသယာဉ်မှူးများအား ၎င်းတို့၏ ညှိ့ဝတ်ကျေပွန်မှုအတွက် ကျေးဇူးတင်ကြောင်း အသံလွှင့်ပြောကြားခဲ့သည်။ သူနှင့်အတူ အခြားသော အမေရိကန် အာကာသသူရဲကောင်းများဖြစ်သည့် *စာမျက်နှာ ၅ ကော်လံ ၅* ❖

မုတ်သုံမိုး အခြေအနေ

နေပြည်တော် ဇူလိုင် ၂၁

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းလျက်ရှိနေပြီး နောက် ၃၆ နာရီအထိ ဆက်လက်အားကောင်းနေမည်ဟု ခန့်မှန်းရသည်။ အနောက်တောင်မုတ်သုံလေအားကောင်းမှုနှင့်အတူ မုတ်သုံမိုးအခြေအနေမှာ မြစ်ဝကျွန်းပေါ်ဒေသများအပါအဝင် ကမ်းရိုးတန်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းလျက်ရှိပြီး ဒေသအများအပြားတွင် မိုးကြီးခြင်းများ ဖြစ်ပေါ်နေသည်။ အဆိုပါမုတ်သုံမိုးအခြေအနေမှာ နောက် ၄၈ နာရီကျော်လွန်ပါက ရခိုင်ပြည်နယ်ရှိ ဒေသများနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် တဖြည်းဖြည်း မိုးအားလျော့နည်းသွားနိုင်ပြီး ကျန်ကမ်းရိုးတန်းဒေသများဖြစ်သည့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ဒေသများတွင် ဆက်လက်၍ မိုးရွာနိုင်ပြီး နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းရသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(မိုး/ဇလဗေဒ)**